မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တောင်သူလယ်သမားကြီးများသည် မြန်မာ့နိုင်ငံရေး သမိုင်းစဉ်တွင် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် လွှတ်တော်ကိုယ်စားလှယ်များ ယခုနှစ်အတွင်း ရွေးချယ်ကြရမည်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲဖော်ဆောင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းရေး တောင်သူလယ်သမားထုကြီးတစ်ရပ်လုံး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၁၀ ပြည့်နှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာ-

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားထုကြီးခင်ဗျား-

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားတို့သည် ဘိုးစဉ်ဘောင်ဆက်ကပင် လယ်ယာစိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ခဲ့ကြပြီး နိုင်ငံသားတို့၏ စားရေးနှင့် ဝတ်ရေးတို့အတွက် လိုအပ်ချက်များကို ထုတ်လုပ်ပေးခဲ့ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ အားထားရာဖြစ်သော တောင်သူလယ်သမားထုကြီးကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တောင်သူလယ်သမားနေ့ဟူ၍ သတ်မှတ်ခဲ့ကြခြင်းဖြစ်ပေသည်။ ဤ ၂၀၁၀ ပြည့်နှစ် တောင်သူလယ်သမားနေ့ အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ *



ဘီလပ်မြေစက်ရုံ (နေပြည်တော်) ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဘီလပ်မြေစက်ရုံ (နေပြည်တော်) တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တစ်နေ့လျှင် ဘီလပ်မြေ တန် ၅၀၀ ထုတ်လုပ်မည့် ဘီလပ်မြေစက်ရုံ (နေပြည်တော်) ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘီလပ်မြေစက်ရုံ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ အဆိုပါစက်ရုံ အဝင်မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊

စာမျက်နှာ ၈ ကော်လံ ၁

၂၀၁၀ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

2-3 (01).pmd 1 3/2/2010, 2:04 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂ ရက်)

လယ်ယာကုန်ထုတ်စွမ်းအား တိုးမြှင့်ထုတ်လုပ် တောင်သူလယ်သမားကြီးများ ကြိုးပမ်းစွမ်းဆောင်

၂၀၁၀ခုနှစ် မတ်လ၂ရက် (ယနေ့)သည် မြန်မာ့တောင်သူလယ်သမားကြီးများ၏စွမ်းအားကို ဂုဏ်ပြုသည့် တောင်သူလယ်သမားနေ့ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းရေးအတွက် ရည်မှန်းချက်ထားပြီး အမျိုးသား စီးပွားဘဝ တိုးတက်မြင့်မားရေးကို အထူးအလေးထား ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝ သယံဇာတစွမ်းအားများ ဖော်ထုတ်မြှင့်တင်၍ စိုက်ပျိုးမြေများတိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေး အတွက် ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် နိုင်ငံသားတိုင်း၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးပြည့်စုံရန် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားလာစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

၁၉၈၈ခုနှစ်တွင် နိုင်ငံတစ်ဝန်း အသားတင်စိုက်ပျိုးဧက ၁၉ ဒသမ ၉ သန်းသာ ရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်၌ ၂၉ ဒသမ ၃၂ သန်းအထိ တိုးတက်လာခဲ့သည်။ သီးနှံစိုက်စွမ်းအားသည် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၅၆ ဒသမ ၉ သန်းအထိ တိုးတက်လာခဲ့သည်။ ဆန်သည် နိုင်ငံ၏ အဓိက စားသုံးသီးနှံဖြစ်ရာ ၁၉၈၈ခုနှစ်တွင် စပါးတင်းပေါင်း ၆၃၁သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်၌ တင်းပေါင်း ၁၅၆၁သန်းအထိ တိုးတက် ထုတ်လုပ်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို နိုင်ငံအနှံ့ အကောင်အထည်ဖော်ပေးခဲ့ရာ ဧကပေါင်း ၃ ဒသမ ၆ သန်းကျော်အတွက် စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာသည်နှင့်အမျှ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိပြီး လယ်ယာသုံး စက်ကိရိယာများကို တိုးမြှင့်ထုတ်လုပ်လျက်ရှိသည်။ တောင်သူလယ်သမားဦးကြီးများအတွက် လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ ထုတ်လုပ်ပေးလျက်ရှိသည့်နည်းတူ လယ်ထွန်စက်နှင့်တွဲဖက်သုံးနိုင်သည့် ကိရိယာများ၊ ထွန်သွား၊ ထယ်သွား၊ စပါးရိတ်စက်နှင့် နောက်ဆက်တွဲယာဉ် တို့ကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဦးတည်ကြိုးပမ်းလျက်ရှိရာ စက်စွမ်းအားပြည့် ဆောင်ရွက်ခြင်းဖြင့် လယ်ယာလုပ်ငန်းဝင် တောင်သူဦးကြီးများအတွက် အချိန်ကုန် လူသက်သာ၍ လယ်ယာကုန်ထုတ်စွမ်းအားများ ပိုမိုတိုးမြှင့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်တန်းစည်ပင် ကတ္တရာလမ်းသစ်ဖွင့်

ကျောက်တန်း မတ် ၁

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန် ရေးအတွက် အစဉ်တစိုက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေး နှစ်တွင် မြို့ပြကတ္တရာလမ်းအရှည် ၆၈၆ပေရှိ စံချိန်မီရပ်ကွက် ကျောက်ကုန်းလမ်း ကတ္တရာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါမှခ်ဦးထိပ်၌ ဖေဖော်ဝါရီ ၆ရက်က ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် လမ်းနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုကို ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စောက ရှင်းလင်းတင်ပြသည်။ ထို့နောက် လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တိုင်းညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ ရန်ကုန်တောင်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော် ဇေယျတို့အား တာဝန်ရှိသူများက အသီးသီးပေးအပ်ကြပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် နှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** (မြို့နယ်စည်ပင်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၁

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီက တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု တစ်မှုကို စီရင်ချက် ချမှတ်ခဲ့ပါသည်။ ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၂၀) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းရွှေက ပထမတန်းတွင် သင်္ချာစွမ်းရည်ပြိုင်ပွဲ၌ ပထမဆုရရှိသော မောင်ကျော်ဇင်သိန်းအား ဆုချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

ကံထူးရှင်များထွက်ပေါ်

ရန်ကုန် မတ် ၁

(၂၅၄)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည် -

ကျပ်သိန်း(၁၀၀၀)ဆု

စ-၇၈၃၅၈၇

ကျပ်သိန်း (၅၀၀)ဆု

ဃ-၂၇၆၇၈၄

ကျပ်သိန်း (၃၀၀)ဆု

ဎ-၇၁၉၀၅၅ ဌ-၇၂၆၇၂၈

ကျပ်သိန်း (၂၀၀)ဆု

ဆ-၂၉၀၃၉၁ စ-၈၄၄၅၂၆
ခ-၁၉၇၃၃၇ ဆ-၆၅၅၉၄၂
ဓ-၆၁၀၃၆၉

ကျပ်သိန်း (၁၀၀)ဆု
(မင်္ဂလာစုံတွဲ)

ဖ - ၁၇၁၁၆၀ ဓ - ၃၇၁၀၆၄
ဒ - ၉၇၄၅၆၅ ဂ - ၃၄၄၁၀၃
ပ - ၇၀၈၉၉၇ ဌ - ၃၈၉၃၆၇
ဍ - ၄၅၇၈၃၈ န - ၅၃၇၅၉၅
ဓ - ၇၄၃၀၁၉ ဌ - ၁၈၃၇၆၄
ဃ - ၃၇၈၂၄၁ ဖ - ၇၄၄၆၉၉
ဗ-၂၁၃၅၅၈

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
၃-၃-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(ဓဇဂ္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရ တေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၉) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင် တေးသံစဉ်(၇၄) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (သူငယ်ချင်းပြန်လာခဲ့ပါ)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (မော်လမြိုင်မုန့်တီ)
၁၇:၁၀ Current Song(12)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၃၉)
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (ဆောင်းအကုန်နွေအကူး)
၁၈:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကုသိုလ်)
၁၉:၃၀ တေးပဒေသာ
၁၉:၄၀ ဝတ္ထုတိုခံစားမှု(ဝန်)
၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀ သူ့ခေတ်သူ့ခါ တေးကမ္ဘာ
၂၀:၅၀ ကျန်းမာရေးရာ သိကောင်းစရာ (ခဝဲသီးပင်၏ဆေးဖက်ဝင်ပုံ) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် မတ် ၁

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲ ၁နာရီက သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးသိန်းဟန်-၂ (ဒုတိယညွှန်ကြားရေးမှူး)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောသည်။ ***(ဝဲပုံ)***

တက်ရောက်

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အေးအေး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ခင်မောင်သွင်၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဌေးဝင်း၊ အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲအုပ်သန်းဇော်ထိုက်၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ***(ယာဉ်စည်းကမ်းထိန်းသိမ်းရေး)***

2-3 (02).pmd 1 3/2/2010, 2:04 AM

နိုင်ငံတော်ကို ဆက်လက်ဖော်ဆောင်မည့် မိမိတို့၏ ကိုယ်စားလှယ်အသီးသီးကို ရွေးချယ်ပေးကြရမည်ဖြစ် ပြည်ပကျောထောက်နောက်ခံဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဖန်တီးမည့်သူများကို ဖယ်ရှား

* ရှေ့ဖုံးမှ

အင်တိုက်အားတိုက်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် တောင်သူလယ်သမားထုကြီးတစ်ရပ်လုံး၏ ဘဝမြင့်မားလာမှသာလျှင် တစ်မျိုးသားလုံး၏ စီးပွားရေးစတင်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များတွင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသောအချက်ကို ဦးစားပေးချမှတ်လျက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နည်းတူ တောင်သူလယ်သမားများနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကိုချမှတ်ကာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနှင့် ကျေးလက်စီးပွား တိုးတက်ကောင်းမွန်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်စေရေးအတွက် စိုက်ပျိုးမြေဧကများ ရှာဖွေတိုးချဲ့ခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေသြဇာရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေရရှိစေရန် ဆောင်ရွက်ပေးပြီး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် စီမံပေးခြင်း၊ အဓိကသီးနှံ(၁၀)မျိုး သတ်မှတ်ကာ အဘက်ဘက်က အားပေးကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အထူးဖွံ့ဖြိုးလာခဲ့ပြီ

စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံ (၂၀၀)ခု၊ ရေထိန်းတံခါး (၃၁)ခု၊ မြစ်ရေတင်စီမံကိန်း (၃၂၂)ခု၊ မြေအောက်ရေရရှိရေးအတွက် အဝီစိတွင်း (၈၀၀၁)ခုနှင့် ကျေးလက်ဆည်ငယ် ကန်ငယ် (၆၅၈)ခုတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍမှာ အထူးဖွံ့ဖြိုးလာခဲ့ပြီ ဖြစ်ပါသည်။

ယခုအခါ တစ်နှစ်လျှင် မိုးစပါးနှင့် နွေစပါးစိုက်ဧကသန်း (၂၀)ကျော်ရှိပြီး စပါးတင်းသန်းပေါင်း (၁၅၀၀) ကျော် ထွက်ရှိနေပြီ ဖြစ်ပါသည်။ နိုင်ငံသားအားလုံး စားသုံးရန် ဆန်မှာ ဖူလုံရုံသာမက နောင်တိုးတက်လာဦးမည့် လူဦးရေအတွက်ပင်လျှင် လုံလောက်နေပြီ ဖြစ်ပေသည်။ ထို့အတူ အခြားအဓိကသီးနှံများဖြစ်သော အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါနှင့် ချက်ကြံတို့မှာလည်း ဒေသအလိုက်စိုက်ပျိုးဖြစ်ထွန်းလျက် ရှိကြသဖြင့် တစ်နိုင်ငံလုံး အသားတင် စိုက်ဧကမှာ (၃၃ ဒသမ ၃၃) သန်း ရှိနေပြီး သီးနှံစိုက်စွမ်းအားမှာ (၁၇၁ ဒသမ ၁) ရာခိုင်နှုန်းအထိ မြင့်မားလျက်ရှိနေပါသည်။

ကြိုးပမ်းအားထုတ်

ထိုသို့ စိုက်ပျိုးရေးကဏ္ဍ ကြီးမားလာသည့်အတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်ထုတ်လုပ်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် တောင်သူလယ်သမားကြီးများအနေနှင့် မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားထုကြီးခင်ဗျား-

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူတို့က တစ်ခဲနက် အတည်ပြုပေးခဲ့ပြီးဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် လွှတ်တော်ကိုယ်စားလှယ်များကို ယခုနှစ်အတွင်း ရွေးကောက်ပွဲများကျင်းပပြီး ရွေးချယ်တင်မြှောက်ကြရတော့မည် ဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများသည် မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင် ကြီးမားသော အခန်းကဏ္ဍအသီးသီးမှ ပါဝင်ခဲ့ကြသည့်အားလျော်စွာ ဒီမိုကရေစီစနစ်ကို မှန်ကန်စွာကျင့်သုံးလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဆက်လက်ဖော်ဆောင်နိုင်မည့် မိမိတို့၏ ကိုယ်စားလှယ်အသီးသီးကို ရွေးချယ်ပေးကြရမည်ဖြစ်ပါသည်။ ထို့အတူ ပြည်ပကျောထောက်နောက်ခံဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဖန်တီးမည့်သူများကိုလည်း ဖယ်ရှားကြရမည် ဖြစ်ပါသည်။

သို့ပါ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးက အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် ပန်ကြားလိုက်ပါသည်။ ။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ စည်းဝေး တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် မတ် ၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ရက် ညနေက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖြည့်စွက်မှာကြား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၁၉)လမ်းထောင့် Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "အမေရိကန် ဖိမ်ခံသင်္ဘောလိုင်းက မြန်မာဝန်ထမ်း ၃၀၀ ခေါ်မည်၊ အရေးပေါ်လှေကားမရှိသော အထပ်မြင့်တိုက်များတွင် ယင်းလှေကား ပြန်တပ်ရမည်၊ လက်ရှိ မီးသတ်ကား ၁၀စီးနှင့်ညီမျှသော ရေဂါလန် ၈၀၀၀ဆံ့ မီးသတ်ကားကြီးများကို ပြည်တွင်း၌ ထုတ်လုပ်မည်၊ မြန်မာ့ဒေသထွက်ဆေးဖက်ဝင်ဂျင်ဆင်းကို နည်းလမ်းနှစ်မျိုးဖြင့်ထုတ်လုပ်သုံးစွဲနိုင်၊ မြန်မာနိုင်ငံရှိတန်ခိုးကြီးဘုရားများ၏ ပုံစံတူဘုရားများပါဝင်မည့် ဗုဒ္ဓဥယျာဉ်ကို မြစ်ကြီးနားမြို့၌ တည်ဆောက်မည်၊ ရှမ်းပြည်နယ်တွင် ပထမဆုံး ရေချို၊ ရေငန်၊ ပုစွန် မွေးမြူမည်၊ ဗန်ကောက်၊ ကွာလာလမ်ပူနှင့် စင်ကာပူသို့ ရထားဖြင့် သွားရောက်လည်ပတ်ကြမည်၊ စားသောက်ကုန်များကို စစ်ဆေးပေးမည့် မြန်မာ့ပထမဆုံး ပုဂ္ဂလိက ဓာတ်ခွဲခန်းကြီးဖွင့်မည်၊ မင်္ဂလာဒုံအနီးရှိ ဈေးများတွင် ကြက်၊ ဘဲ၊ ငုံး ရောင်းခွင့် ၂၁ရက်ကြာ တားမြစ်၊ အပြည်ပြည်ဆိုင်ရာပညာရေးဖိုရမ် မြန်မာနိုင်ငံတွင် ကျင်းပမည်၊ အိန္ဒိယကလေးငယ်တစ်ဦး လက်သုံးချောင်းနှင့် ခြေလေးချောင်းရှိ၊ အိတ်ကပ်ထဲ ထည့်လို့ရတဲ့ကလေးငယ် အသက်ရှင်၊ ဟားမားစ်ထိပ်တန်းခေါင်းဆောင်၏သားသည် အစ္စရေးသူလျှိုဖြစ်နေဟုဆို၊ နှစ်ပေါင်း ၆၀ကျော်သက်တမ်းရှိ လေယာဉ်သင်္ချိုင်းတွင် လေယာဉ်အစင်းရေ ၄၀၀၀ကျော်ရှိနေ၊ လေဖြန်းပြီးစကားမပီလျှင် သီချင်းဆိုပါ၊ ဟယ်ရီပေါ်တာ စာရေးဆရာမ သူများစာအုပ် ခိုးချဟု စွပ်စွဲခံရ၊ ဆင်တို့တွင် လျှို့ဝှက်ဘာသာစကားတစ်ရပ် ရှိသည်ဟုဆို၊ ဂန္ဒီ၏ရုပ်ပုံထွင်းထုသော တန်ဖိုးကြီးဖောင်တိန်များရောင်းချသည့် ကုမ္ပဏီ တရားစွဲခံရ၊ လူ ၁၄ယောက်က ခြေထောက် ၁၄ချောင်းဖြင့် လေးရက်ကြာ ရွက်လှေပြိုင်ပွဲဆင်နွှဲ၊ ချဲလ်ဆီးဘောလုံးကွင်းပေါ်၌ ပန်းကန်ပြားပျံတစ်စင်း မြင်တွေ့ခဲ့ရ၊ လင်းနို့လူသားကာတွန်း စာအုပ်ဟောင်းတစ်အုပ် ဒေါ်လာတစ်သန်းကျော်ဖြင့် ကမ္ဘာ့စံချိန်တင်ရောင်းချရ၊ ကလေး၏ ငိုသံများကို ဘာသာပြန်နိုင်သည့်ကိရိယာများ မကြာမီပေါ်လာတော့မည်၊ ကမ္ဘာ့အကြီးဆုံး အဏ္ဏဝါပြခန်းမှ ရေများယိုကျလာ၍ ကုန်တိုက်မှလူများ ရွှေ့ပြောင်းခဲ့ရ၊ ချီလီတွင် အင်အားပြင်းငလျင်ကြောင့် လူ ၇၀၀ကျော်သေဆုံးပြီး နိုင်ငံ ၅၀ခန့်တွင် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ရ၊ ရင်သားတွင်ထည့်ထားသည့် ဆီလီကွန်က အမျိုးသမီးတစ်ဦးကို ကျည်ဆန်ဘေးမှ ကာကွယ်ပေးနိုင်ခဲ့၊ ဗီယက်နမ်ငါးဖမ်းသင်္ဘောများက ဝေလငါးကြီးတစ်ကောင်၏ အသုဘကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့....." စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ သတင်းကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလုတိုး

မတ် ၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E.Ms.Nirupama Rao အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး)(သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု မောက်မယ်မြို့၌ သန့်ရှင်းရေးဆောင်ရွက်

မောက်မယ် မတ် ၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဖေဖော်ဝါရီ ၆ရက် နံနက်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ထွေး၏ စီစဉ်မှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းဗိုလ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးဘုန်းသွင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ခုနစ်ရပ်ကွက်မှ ပြည်သူများ စုစုပေါင်း အင်အား ၅၃၀ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ကန်ဒါဟာမြို့အား စစ်ဆင်တိုက်ခိုက်ရန် အမေရိကန်တို့ စိုင်းပြင်းလျက်ရှိ

ဝါရှင်တန် မတ် ၁

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များသည် တာလီဘန်စစ်သွေးကြွတို့၏မြို့တော်ဟောင်းဖြစ်သော ကန်ဒါဟာမြို့ကို လုံးဝထိန်းချုပ်ထားနိုင်ရေးအတွက် ယခုနှစ်နှောင်းပိုင်းတွင် စစ်ဆင်မှုတစ်ရပ်ပြုလုပ်သွားမည်ဖြစ်သည်ဟု အမေရိကန်အဆင့်မြင့်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၆ရက်တွင် ပြောကြားသည်။

အိမ်နီးချင်းဟယ်လ်မန့်ပြည်နယ်ရှိ တာလီဘန်တို့ အခိုင်အမာတပ်စွဲထားသော မာဂျာဒေသကို ပြန်လည်သိမ်းယူနိုင်ရန် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်မှာ ယခုအခါ ရက်သတ္တသုံးပတ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းထိုးစစ်ဆင်တိုက်ခိုက်မှု ပြီးဆုံးသွားလျှင် ကန်ဒါဟာအား တိုက်ခိုက်ရန် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဗိုလ်ချုပ်ကြီး စတန်လေမိုက်ခရစ္စတယ်က အသင့်စီစဉ်ထားကြောင်းသိရသည်။

မိမိတို့အနေဖြင့် ၂၀၁၀ခုနှစ်အတွင်း အာဖဂန်နစ္စတန်ရှိ တာလီဘန်တို့၏အရှိန်မြင့်လှုပ်ရှားလာမှုကို ချေမှုန်းပစ်ရန် ရည်မှန်းချက်များထားပါက ယခုနှစ်တွင် ကန်ဒါဟာအား သိမ်းပိုက်နိုင်ရမည်ဟု မျှော်လင့်ကြောင်း အိုဘားမားအစိုးရ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဆူနာမီကြောင့် ဒီရေလှိုင်းများမြင့်တက်လာသဖြင့် ဂျပန်နိုင်ငံ ချီဘာကန်မြို့ ဆိပ်ကမ်း၌ ငါးဖမ်းစက်လှေများ ကျောက်ချရပ်နားထားသည်ကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လူ့အခွင့်အရေးအဖွဲ့မှနုတ်ထွက်မည်ဟု ဗင်နီဇွဲလားသမ္မတ ပြောကြား

ကရာကတ်စ် မတ် ၁

ဗင်နီဇွဲလားနိုင်ငံသည် အနောက်ကမ္ဘာခြမ်းရှိ ထိပ်တန်းလူ့အခွင့်အရေးအဖွဲ့အစည်းမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဖေဖော်ဝါရီ ၂၅ရက်တွင် ပြောကြားလိုက်သည်။

နုတ်ထွက်

အဆိုပါအဖွဲ့အစည်းက ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ကို ဝေဖန်ထားသည့် အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း၌ ယင်းအဖွဲ့အစည်းသည် ရာဇဝတ်ဂိုဏ်းတစ်ဂိုဏ်းဖြစ်ပြီး ခေါင်းဆောင်သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ကပြောကြားပြီး ယင်းလူ့အခွင့်အရေးအဖွဲ့အစည်းမှ ဗင်နီဇွဲလား နုတ်ထွက်တော့မည်ဟု ပြောကြားသွားခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

အိန္ဒိယအစိုးရ၏ ဘတ်ဂျက်သစ် စက်မှုလုပ်ငန်းများအဖွဲ့ ကြိုဆို

နယူးဒေလီ မတ် ၁

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် တည်ငြိမ်သော မက်ခရိုဘောဂဗေဒကိုဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုပြုလုပ်မည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပရာနက်မုခါဂျီး၏ပြောကြားချက်ကို အိန္ဒိယစက်မှုလုပ်ငန်းများအဖွဲ့ဥက္ကဋ္ဌ ဗီနူဆရီနီဗာဆန်က ဖေဖော်ဝါရီ ၂၆ရက်တွင် ထပ်လောင်းပြောကြားလိုက်သည်။

တွန်းအားတစ်ရပ်

အိန္ဒိယဘဏ္ဍာရေးဝန်ကြီး မုခါဂျီးက ပါလီမန်သို့ ပြည်ထောင်စုများဘတ်ဂျက်အသုံးစရိတ်တင်သွင်းရာ၌ အိန္ဒိယအစိုးရအနေဖြင့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန် စီစဉ်နေသည်ဆိုသည်ကို မိမိကြိုဆိုထောက်ခံကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံသည် အဓိကတွန်းအားတစ်ရပ်ဖြစ်ကြောင်း ဆရီနီဗာဆန်က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

သိပ္ပံနှင့်နည်းပညာ ထုတ်ကုန်ပြသ

၂၀၁၀ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မလေးရှားနိုင်ငံ၏ သိပ္ပံနှင့် နည်းပညာထုတ်ကုန်ကို ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အတွင်းမွန်ဂိုလီးယား၌ ကျောက်မီးသွေးတွင်း ရေလျှံ

ပေကျင်း မတ် ၁

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ယနေ့နံနက်စောစောပိုင်းက ကျောက်မီးသွေးတွင်းရေလျှံရာမှ ပြိုကျသဖြင့် သတ္တုတွင်းအလုပ်သမား ၄၄ဦးပိတ်မိနေကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ရောက်ရှိ

ယင်းဖြစ်ပွားမှုသည် ဝူဟိုင်မြို့ရှိ လျူတူရှန်ကျောက်မီးသွေးတွင်း၌ ဖြစ်ပွားရာ ပြည်နယ်အုပ်ချုပ်ရေးရုံးမှ ကယ်ဆယ်ရေးဝန်ထမ်းများရောက်ရှိလာကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်တွင် စစ်ဆင်ရေးများပြုလုပ်၊ တာလီဘန်၁၀၀ သေဆုံးခဲ့ဟုဆို

ကဘူးလ် မတ် ၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ် မာဂျာဒေသရှိ တာလီဘန်ခံတပ်ကို ၁၃ ရက်ကြာမျှ စစ်ဆင်ရေးပြုလုပ်တိုက်ခိုက်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၁၀၀ သေဆုံးပြီး လူ ၅၀ ဖမ်းဆီးရမိခဲ့ကြောင်း အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်က ဖေဖော်ဝါရီ ၂၅ရက်တွင် ပြောကြားသည်။

ပြောကြား

မာဂျာမြို့တစ်ဝိုက်တွင် တာလီဘန်စစ်သွေးကြွများက အပြင်းအထန်ခုခံတိုက်ခိုက်နေသည့်အပြင် တိုက်ခိုက်မှုများလည်း မကြာခဏဖြစ်ပွားနေသဖြင့် မာဂျာရှိ အကြမ်းဖက်သမားများကိုလည်းကောင်း၊ ထောင်ချောက်ဗုံးများကိုလည်းကောင်း ယခုအချိန်အထိ မရှင်းလင်းနိုင်သေးဘဲရှိနေကြောင်းဖြင့်လည်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ရှင်းလင်း

မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး) ဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်ဖ်အေအက်ဖ်)ပြောခွင့်ရပုဂ္ဂိုလ် အီရက်ထရမ်ဘလေနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပရာ ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ချီလီငလျင်ကြောင့် တရုတ်၌ ဆူနာမီမဖြစ်ပေါ်ခဲ့ဟုဆို

ပေကျင်း မတ် ၁

ချီလီနိုင်ငံ၌ ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော ငလျင်သည် ပြင်းအား ၈ဒသမ၈အဆင့်ရှိသည်ဟု တရုတ်ငလျင်တိုင်းတာရေးဌာန(စီအီးအေ)က ပြောကြားသည်။

လှုပ်ခတ်

အဆိုပါငလျင်သည် ဖေဖော်ဝါရီ ၂၇ရက် ပေကျင်းစံတော်ချိန် ည ၂နာရီ ၃၄မိနစ်တွင် တရုတ်ငလျင်တိုင်းတာရေးဌာန(စီအီးအေ)မှ ၃၃ကီလိုမီတာအကွာရှိ ပင်လယ်ရေမျက်နှာပြင်ကိုဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်သည်။

ပြောကြား

ယင်းငလျင်ကြောင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိနိုင်ငံများ၌ ဆူနာမီသတိပေးချက်များ အရေးတကြီးထုတ်ပြန်ထားသော်လည်း အဆိုပါငလျင်သည် တရုတ်နိုင်ငံကမ်းရိုးတန်းသို့ ခြိမ်းခြောက်အန္တရာယ်ပေးဖွယ်မရှိနိုင်ဟု တရုတ်အမျိုးသား ရေကြောင်းပတ်ဝန်းကျင်ဆိုင်ရာ ခန့်မှန်းရေးဗျူရိုက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဥရောပအနောက်ပိုင်း မုန်တိုင်းတိုက်ခတ်မှု သေဆုံးသူ ၂၆ဦးအထိရှိလာ

ပါရီ မတ် ၁

ဥရောပအနောက်ပိုင်း၌ ဖေဖော်ဝါရီ ၂၈ရက်က မုန်တိုင်းတိုက်ခတ်ခဲ့ရာ ပြင်သစ်၌ ၂၂ဦး၊ စပိန်၌ သုံးဦးနှင့် ပေါ်တူဂီ၌တစ်ဦးတို့ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထပ်မံသေဆုံး

ပြင်သစ်နိုင်ငံတွင် ဖေဖော်ဝါရီ ၂၈ရက်က မုန်တိုင်းကြောင့် သုံးဦးသေဆုံးခဲ့ပြီးနောက်ပိုင်းတွင် သေဆုံးသူဦးရေ မြင့်တက်လာဖွယ်ရှိသည်ဟု ပြင်သစ်အာဏာပိုင်များက ပြောကြားခဲ့ပြီး ဖေဖော်ဝါရီ ၂၈ရက်တွင် ၁၉ဦး ထပ်မံသေဆုံးခြင်းဖြစ်သည်။

သေဆုံးသူများသည် ပင်လယ်လှိုင်းများ ရိုက်ခတ်မှုကြောင့် မျောပါခြင်းအပြင် သစ်ပင်၊ သစ်ကိုင်းများပိ၍ သေဆုံးရခြင်းဖြစ်သည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဟေတီအနောက်တောင်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း ဒေသခံ ၁၁ဦးသေဆုံး၊ ကယ်ဆယ်ရေးဆောင်ရွက်

ပို့အော်ပရင့်စ် မတ် ၁

ငလျင်ဒဏ်ခံစားခဲ့ရသော ဟေတီနိုင်ငံအနောက်တောင်ပိုင်းရှိ လက်စ်ကာရက်စ်မြို့၌ ဖေဖော်ဝါရီ ၂၇ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းသဖြင့် **(အောက်ပုံ)** ၁၁ဦးထက်မနည်းသေဆုံးကြောင်း ဟေတီအရာရှိများက ပြောကြားသည်။

အကူအညီပေး

ရေလွှမ်းမှုကြောင့် အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် ဟေတီရဲတပ်ဖွဲ့အား ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့က အကူအညီပေးခဲ့သည်။

(အင်တာနက်)

အမေရိကန် ဘဏ်ကြီးနှစ်ခု ပိတ်သိမ်းလိုက်ရ

ဝါရှင်တန် မတ် ၁

နီဗားဒါးနှင့်ဝါရှင်တန်ပြည်နယ်ရှိ အမေရိကန်ဘဏ်နှစ်ခုကို တရားဝင်ထိန်းသိမ်းရေးတာဝန်ရှိသူများက ပိတ်သိမ်းလိုက်ရပြီဖြစ်သည်။

ဝါရှင်တန်ပြည်နယ် တာကိုမာရှိ ရိန်နီးယားပစိဖိတ်ဘဏ်ကို ပိတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်ဘဏ်အပ်နှံငွေ အာမခံကော်ပိုရေးရှင်းက ကြေညာသည်။

နီဗားဒါးပြည်နယ် ကာဆွန်စီးတီးရှိ ကာဆွန်ရေးဗားကွန်မြူနတီဘဏ်ကိုလည်း ပိတ်ပစ်လိုက်ပြီဖြစ်ကြောင်း အဆိုပါကော်ပိုရေးရှင်းက ဆက်လက်ကြေညာသည်။

အမေရိကန်ဘဏ်များ၏ ပြဿနာသည် ၂၀၀၉ခုနှစ် စတုတ္ထသုံးလပတ်အတွင်း ၂၇ရာခိုင်နှုန်းအထိ မြင့်တက်လာကာ ၇၀၂ခုအထိ ရှိလာခဲ့ကြောင်းဖြင့်လည်း ဘဏ်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းကဲ့သို့ တိုးလာသည့်အရေအတွက်သည် ၁၉၉၃ခုနှစ်နောက်ပိုင်းတွင် အများဆုံးဖြစ်ကြောင်း၊ ယင်းဘဏ်လုပ်ငန်းအနေဖြင့် မခိုင်မာဘဲ မတည်မငြိမ်ဖြစ်နေကြောင်းလည်း ပြောကြားသည်။ အမ်အင်န်အေ၊ရိုက်တာ

ဥရောပတိုက်မှ နိုင်ငံအချင်းချင်း မဟာမိတ်ဖွဲ့စည်းမှုဖြစ်စဉ်

တိုး-ရေးသားသည်
စာမျက်နှာဖွဲ့စည်းမှု-မေခိုင်(မြန်မာ့အလင်း)

ပြီးခဲ့သည့်ရာစုနှစ် နှစ်စုအတွင်းတွင် ပြင်သစ်နှင့်ဗြိတိန် (ဂရိတ်ဗြိတိန်)တို့သည် ကိုလိုနီနယ်ချဲ့ရာ၌ အချိန်များစွာပြိုင်ဘက်များဖြစ်ခဲ့ကြသည်။ ဤနှစ်နိုင်ငံ၏ နောက်ဆုံးအကြီးအကျယ်ထိပ်တိုက်ရင်ဆိုင်မှုမှာ နိုင်းမြစ်အထက်ပိုင်းဒေသမှ ဖက်ရှိုဒါကိုသိမ်းပိုက်ရေးတွင် ဖြစ်ပွားခဲ့သည်။ သို့သော် ဂျာမနီနိုင်ငံ၏ နယ်ချဲ့မှုကို တောင့်ခံထားရေးအတွက် ပြင်သစ်နိုင်ငံအနေဖြင့် ဗြိတိန်နှင့် မဟာမိတ်ဖွဲ့ထားရန် လိုအပ်ကြောင်း သဘောပေါက်ထားသည်။ ထို့ကြောင့် ၂၀ ရာစုနှစ်ဆန်းတွင် ဗြိတိန်နှင့် ပြန်လည်သင့်မြတ်ရေးကြိုးပမ်းလာသည့် ပြင်သစ်၏ဆိတ်ငြိမ်သည့်မူဝါဒကို တွေ့နိုင်သည်။ အစတွင် ဗြိတိန်က သတိထားခဲ့သည်။

ဗြိတိန်က ဂျာမနီနှင့်မဟာမိတ်ဖွဲ့ရန်မဖြစ်နိုင်ကြောင်း သိလာသည့်အချိန် ၁၉၀၃ ခုနှစ်တွင် ဗြိတိန်ဘုရင် အက်ဒွပ်သည် ပြင်သစ်နိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းအားဖြင့် ဗြိတိန်နှင့်ပြင်သစ် ခပ်စိမ်းစိမ်းဖြစ်နေရာမှ ရင်းနှီးဖော်ရွေသွားအောင် အစဖော်ပေးလိုက်သည်။ ယင်းနောက် ပြင်သစ်သမ္မတ လူဗီက ဗြိတိန်သို့တုံ့ပြန်လည်ပတ်သည်။ နှစ်နိုင်ငံစေ့စပ်ဆွေးနွေးပွဲများကို ကိုးလကြာကျင်းပသည်။ နှစ်နိုင်ငံအကြားပေါ်ပေါက်နိုင်သည့် ပဋိပက္ခအစွန်းအစအားလုံးကို ဖယ်ရှားလိုက်သည့် အင်္ဂလိပ်-ပြင်သစ်သဘောတူစာချုပ်ကို ၁၉၀၄ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်သည်။ ယင်းစာချုပ်မှာ အင်္ဂလိပ်-ပြင်သစ်မဟာမိတ်ဖွဲ့စည်းမှု၏ အုတ်မြစ်ဖြစ်သည်။

စတင်ခဲ့

မဟာမိတ်ဖွဲ့စည်းမှုစနစ်ကို ၁၈၇၁ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အထိ ဂျာမနီဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သူ ဘစ္စမတ်က စတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ပြင်သစ်-ပရပ်ရှားစစ်ပွဲအပြီးတွင် ဂျာမနီနိုင်ငံအနေဖြင့် တိုက်ခိုက်သိမ်းပိုက်အနိုင်ယူမှုတွင် ရိုးအီနေပြီဖြစ်သဖြင့် အနိုင်ယူစိတ်ကို စွန့်လွှတ်သည့် နိုင်ငံတစ်နိုင်ငံ အဖြစ် ဂျာမနီနိုင်ငံကို ဘစ္စမတ်ကထိန်းထားလိုသည်။ သို့ဖြင့် ဥရောပတိုက်အတွင်း ဂျာမနီ၏ကြီးစိုးမှုကိုထိန်းထားရန် ရည်ရွယ်လျက် ဂျာမနီဝန်ကြီးချုပ်ဘစ္စမတ်က မဟာမိတ် ဖွဲ့စည်းမှုစနစ်တစ်ခုကို စီစဉ်တော့သည်။

၁၈၇၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံက ဂျာမနီကို အရှုံးပေးရပြီး အဲလ်ဆက်နှင့် လော်ရိန်းပြည်နယ်နှစ်ပြည်နယ်ကို ဂျာမနီလက်သို့ ထိုးအပ်လိုက်ရသည့်အတွက် ဂျာမနီနိုင်ငံ၏ ဗိုလ်ကျစိုးမိုးမှုကို စိန်ခေါ်ရန် ပြင်သစ်က သန္နိဋ္ဌာန်ချထားသည်။ ဘစ္စမတ်သည် ပြင်သစ်ကို အထီးကျန်ဖြစ်စေရန် ဩစတြီးယား၊ ရုရှား၊ အီတလီ၊ ဗြိတိန်တို့နှင့် မိတ်ဆွေဖြစ်လာရန် ကြိုးပမ်းသည်။

သုံးနိုင်ငံ

ဩစတြီးယား၊ ရုရှားတို့နှင့် မိတ်ဖွဲ့ကာ ၁၈၇၂ခုနှစ်တွင် သုံးနိုင်ငံ(ဧကရာဇ်သုံးဦး)၏ မဟာမိတ်အဖွဲ့ချုပ် ဖွဲ့စည်းရေး ဘစ္စမတ်၏ရည်ရွယ်ချက်မှာ ပြင်သစ်နိုင်ငံကို အထီးကျန်ဖြစ်ရေး ပင်ဖြစ်သည်။ ဂျာမနီမှ ကိုင်ဇာဝီလျံ၊ ရုရှားမှဇာအလက်ဇန္ဒား-၂၊ ဩစတြီးယားမှ ဧကရာဇ်ဖရန့်စစ်ဂျိုးဇက်ဟူသော ဧကရာဇ်သုံးဦးက ဥရောပတိုက်အတွင်း လက်ရှိနယ်မြေပိုင်နက်အတိုင်း ထိန်းသိမ်းထားရန်၊ တော်လှန်ရေး (ဥပမာ-ဆိုရှယ်လစ်)လှုပ်ရှားမှုများ ကျယ်ပြန့်မလာအောင်တားဆီးရန်၊ နိုင်ငံတကာအခက်အခဲအကျပ်အတည်း တစ်စုံတစ်ရာပေါ်ပေါက်လာလျှင် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းတိုင်ပင်ရန် သဘောတူညီကြသည်။

ကြဉ်ထား

ပြင်သစ်နိုင်ငံကို သံတမန်နည်းအရ ကြဉ်ထားလိုက်သည်။ သို့သော် ဤဧကရာဇ်သုံးဦးအကြား ငုပ်နေသော ပြဿနာအားနည်းချက်မှာ ဘော်လကန်ကျွန်းဆွယ်နှင့်ပတ်သက်၍ ဩစတြီးယားနှင့် ရုရှားတို့ယှဉ်ပြိုင်မှုဖြစ်သည်။ နှစ်နိုင်ငံစလုံးက ဘော်လကန်ကို စိုးမိုးရန်ကြိုးပမ်းနေသည်။ ထို့ကြောင့်ပင် ခြင်္သေ့နှစ်ကောင်ကို တစ်ဂူထဲအောင်းထားရန် ဘစ္စမတ်အဖို့ အခက်တွေ့ရသည်။

၁၈၇၈ခု ဘာလင်ကွန်ဂရက်

ဘော်လကန်ဒေသတွင် ဩစတြီးယားနှင့်ရုရှားပြိုင်ဆိုင်မှုမှာ ၁၈၇၇-၁၈၇၈ခုနှစ်၌ အရေးကြီးလာပြီ ဖြစ်သည်။ ၁၈၇၅ခုနှစ်တွင် ဘော်လကန်ပြည်နယ်ငါးခုက တူရကီအုပ်ချုပ်ရေးကိုတော်လှန်သည်။ ရုရှားက ထိုဘော်လကန်ပြည်နယ်တို့ကို ထောက်ခံပြီး တူရကီကိုအနိုင်ယူသည်။ ၁၈၇၈ခုနှစ် မတ်လ ၈ရက်တွင် တူရကီနိုင်ငံအနေဖြင့် ဆန်စတီဖာနိုစာချုပ်ကို လက်မှတ်ထိုးလိုက်ရသည်။ ထိုစာချုပ်အရ လွတ်လပ်သော ဘူလ်ဂေးရီးယားနိုင်ငံကြီးပေါ်ပေါက်လာသည်။ ဘူလ်ဂေးရီးယားမှာ ရုရှား၏ရပ်သေးရပ်တစ်ရပ်အဖြစ် ရှုမြင်သောအခါ မြေထဲပင်လယ်အရှေ့ပိုင်းတွင် ရုရှား၏အစဉ်အလာပြိုင်ဘက်ဖြစ်သော ဗြိတိန်၏အားပေးထောက်ခံမှုဖြင့် ဩစတြီးယားက ဤအရေး၌ပါဝင်လာသည်။ ဘစ္စမတ်သည် ဘော်လကန်ပြဿနာများကိုဖြေရှင်းရာ၌ ရွေ့ပြည်အေးသမားတစ်ဦးအဖြစ် ဆောင်ရွက်ပေးပါမည်ဟု ဆန္ဒပြုလိုက်ပြီး ဘာလင်ကွန်ဂရက်ကို ခေါ်လိုက်သည်။

လက်လွှတ်

ဘာလင်ကွန်ဂရက်တွင် ဂျာမနီက ဩစတြီးယား၊ ဗြိတိန်တို့ဘက်မှရပ်သဖြင့် ရုရှားအနေဖြင့် ဆန်စတီဖာနိုစာချုပ်ကို လက်လွှတ်ပေးလိုက်ရပြီး ဘာလင်စာချုပ်ကို လက်မှတ်ထိုးပေးလိုက်ရသည်။ ဘာလင်စာချုပ်အရ ဘူလ်ဂေးရီးယားကို သုံးပိုင်းခွဲလိုက်ရသည်။ တကယ့်ဘူလ်ဂေးရီးယားကို လွတ်လပ်ရေးရပြီး အရှေ့ပိုင်းရိုမေးနီးယားနှင့် မက်ဆီဒိုးနီးယားကို တူရကီအချုပ်အခြာအာဏာအောက်သို့သွတ်သွင်းကာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားကို ဩစတြီးယားစစ်အုပ်ချုပ်ရေးအောက် သွတ်သွင်းခဲ့သည်။ (သို့သော် ဩစတြီးယားက သိမ်းယူခြင်းမျိုးမဟုတ်။) ဤကိစ္စတွင် ရုရှားမှာ သံတမန်နည်းလမ်းအရ အရှက်ခွဲခံရသည်ဟုစွဲမှတ်ကာ ဘာလင်ကွန်ဂရက်တွင် သဘာပတိလုပ်သူဘစ္စမတ်အား ဘက်ပြန်တော့သည်။

ရွေးချယ်

ဩစတြီးယားရော ရုရှားနှင့်ပါတစ်ပြိုင်တည်း မဟာမိတ်ဖွဲ့စည်းမထားနိုင်သောအခါ ဘစ္စမတ်သည် ဩစတြီးယားနှင့် မဟာမိတ်ဖွဲ့စည်းရန် ရွေးချယ်လိုက်သည်။ ယင်းသို့ ရွေးချယ်ရခြင်းမှာ ပထမအချက်အနေဖြင့် ဂျာမနီသည် မိမိထက်အင်အားနည်းသည့် နိုင်ငံနှင့် မဟာမိတ်ဖွဲ့ခြင်းဖြင့် အလွယ်တကူ အမိန့်ပေးချုပ်ကိုင်ထားနိုင်သည်။ ဒုတိယအချက်အနေဖြင့် ဒင်ညူမြစ်ဝှမ်းသို့ ဂျာမန်ကုန်သွယ်ရေးလမ်းဖွင့်နိုင်သည်။ တတိယအချက်မှာ ဩစတြီးယားသည် ဂျာမနီနှင့်လူမျိုးရေးအဆက်အသွယ်ရှိသည်။ စတုတ္ထအချက်မှာ ဘော်လကန်ဒေသတွင် ဂျာမနီဩဇာရှိစေနိုင်သည်။ ပဉ္စမအချက်မှာ ဗြိတိန်နိုင်ငံအနေဖြင့် နယ်ချဲ့ကိုလိုနီပြိုင်ဘက် တစ်နိုင်ငံအား အင်အားကြီးနိုင်ငံတစ်နိုင်ငံက ထောက်ခံမှုကို ဘယ်နည်းနှင့်မဆို ကြိုက်နှစ်သက်မည်မဟုတ်သဖြင့် ဂျာမနီက ရုရှားနှင့်မဟာမိတ်ဖွဲ့လျှင် ဗြိတိန်ကိုရန်လုပ်သကဲ့သို့ ဖြစ်သွားစေခြင်းပင် ဖြစ်သည်။

၁၈၇၈ ခုနှစ် ဘာလင်ကွန်ဂရက်ကျင်းပခဲ့ပုံ။



၁၈၇၉ ခုနှစ် အောက်တိုဘာ ၇ရက်တွင် ဘစ္စမတ်က ဩစတြီးယားနိုင်ငံနှင့် နှစ်နိုင်ငံမဟာမိတ်ဖွဲ့လိုက်သည်။

စိုးရိမ်

သို့သော်လည်း ထိုအတောအတွင်း ဘစ္စမတ်က ရုရှားနှင့်လည်း မိတ်ဝတ်မပျက်ရှိစေလိုသေးသည်။ အကယ်၍ ရုရှားနိုင်ငံသာ ပြင်သစ်နိုင်ငံဘက်သို့ ရောက်သွားလျှင် ဂျာမနီနိုင်ငံအနေဖြင့် အရှေ့ဘက်မှရုရှား၊ အနောက်ဘက်မှ ပြင်သစ်ဟူသော ရန်သူနှစ်နိုင်ငံအကြား ပိတ်မိနေမည်ကိုလည်း စိုးရိမ်ခဲ့ပြန်သည်။

ဩစတြီးယားနိုင်ငံနှင့် ၁၈၇၉ ခုနှစ်တွင် ဂျာမနီကနှစ်နိုင်ငံမဟာမိတ်ဖွဲ့ပြီးနောက် ဘစ္စမတ်သည် ရုရှားနိုင်ငံနှင့် မိတ်ဆွေဖွဲ့ထားလိုသည်။ ၁၈၈၁ ခုနှစ်တွင် သုံးနိုင်ငံ(ဧကရာဇ်သုံးဦး)၏ မဟာမိတ်အဖွဲ့ချုပ်ပြန်လည်ရှင်သန်ရန် အခြေအနေပေးလာသည်။ ရုရှားဧကရာဇ်ဇာအလက်ဇန္ဒား-၂လုပ်ကြံခံရပြီးနောက် ဇာအလက်ဇန္ဒား-၃က ရုရှားထီးနန်းကိုဆက်ခံသည်။ သူ့ခမည်းတော်၏အဖြစ်ကြောင့် ဇာအလက်ဇန္ဒား-၃က သုံးနိုင်ငံ(ဧကရာဇ်သုံးဦး)၏ မဟာမိတ်အဖွဲ့ချုပ်ကို ပြန်အသက်သွင်းရန် အဆင်သင့်ဖြစ်နေသည်။ သို့ဖြင့် ဒုတိယအကြိမ် ဧကရာဇ်သုံးဦး၏ မဟာမိတ်အဖွဲ့ချုပ်ကို ၁၈၈၁ခုနှစ်တွင် ဖွဲ့လိုက်သည်။

ပါးပါးနပ်နပ်

ပြင်သစ်နိုင်ငံက ဂျာမနီသို့ အဲလ်ဆက်နှင့် လော်ရိန်းပြည်နယ်နှစ်ခုပေးလိုက်ရခြင်းမှ အာရုံပြောင်းသွားစေရန်အတွက် ပင်လယ်ရပ်ခြား၌ ပြင်သစ်နယ်ချဲ့မှုကို ဘစ္စမတ်က ပါးပါးနပ်နပ် အားပေးခဲ့သည်။ ၁၈၈၁ခုနှစ်တွင် ပြင်သစ်ကအာဖရိကမြောက်ပိုင်းမှ တူးနစ်ကို သိမ်းလိုက်သည်။ ထိုအခါ အာဖရိကတိုက်တွင် အီတလီအင်ပါယာထူထောင်လိုသည့် အီတလီနှင့်ပြင်သစ်တို့ တစ်ဖက်နှင့်တစ်ဖက်စိမ်းကားကုန်ကြသည်။ သို့ဖြင့် အီတလီသည် ဘစ္စမတ်တို့အုပ်စုဘက်သို့ရောက်သွားသည်။ ၁၈၈၂ခုနှစ်တွင် ဂျာမနီ၊ ဩစတြီးယားနှင့် အီတလီသုံးနိုင်ငံ မဟာမိတ်အဖွဲ့ပေါ်ပေါက်လာသည်။

ဥရောပအလယ်ပိုင်းတွင် အင်အားကြီးအုပ်စုတစ်စု ဖြစ်ပေါ်လာသည်။ ယခုအခါ ဂျာမနီနိုင်ငံအနေဖြင့် ရုရှားကိုဆန့်ကျင်ရန် ဩစတြီးယားထံမှ အာမခံချက်ရသကဲ့သို့ ပြင်သစ်ကို ဆန့်ကျင်ရန် အီတလီ၏ အာမခံချက်ရရှိသည်။

ဘစ္စမတ်သည် ရုရှား၊ ဩစတြီးယား၊ အီတလီတို့နှင့် အောင်မြင်စွာမိတ်ဖွဲ့ထားနိုင်ပြီး ပြင်သစ်ကို လုံးဝအထီးကျန်ဖြစ်စေသည်။ ၎င်းသည် ဂျာမနီနိုင်ငံ အသာစီးရရှိအောင် ဥရောပအင်အားကြီးနိုင်ငံများကို ကိုင်တွယ်နိုင်သည့် ကျွမ်းကျင်သော သံတမန်တစ်ဦး ဖြစ်သည်။

အတတ်နိုင်ဆုံးရှောင်ရှား

ဘစ္စမတ်သည် ဗြိတိန်နှင့်တရားဝင် မဟာမိတ်ဖွဲ့ခြင်းမရှိသော်ငြား ဗြိတိန်နိုင်ငံသည် ဂျာမနီနိုင်ငံ၏ မိတ်ဟောင်းဆွေဟောင်းနှင့် အစဉ်အလာမပျက်ချစ်ကြည်သည့် နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုမရှိကြောင်း ပြောကြားကာ ကိုလိုနီနယ်ချဲ့ရာတွင် ထိပ်တိုက်မတွေ့အောင် အတတ်နိုင်ဆုံးရှောင်ရှားခဲ့သည်။

ဩဇာလွှမ်းမိုးလိုသူ

ဘစ္စမတ်၏ နိုင်ငံအချင်းချင်း မဟာမိတ်ဖွဲ့စည်းမှုများမှာ ရန်လိုကျူးကျော်ခြင်းမရှိ၊ ဥရောပတိုက်ကို ပကတိ ငြိမ်းချမ်းအောင်ဖန်တီးခဲ့သည်။ ၁၈၉၀ပြည့်နှစ်နောက်ပိုင်း သူ့အရိုက်အရာကို ကိုင်ဇာဝီလျံဆက်ခံသောအခါ ဂျာမနီနိုင်ငံ၏မူဝါဒများ အပြောင်းလဲကြီးပြောင်းလဲသွားသည်။ ကိုင်ဇာဝီလျံသည် ဂျာမနီနိုင်ငံကို ဥရောပတွင်သာမက တစ်ကမ္ဘာလုံးကိုပါ ဩဇာလွှမ်းမိုးလိုသူ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ချီလီ၌ ငလျင်တစ်ကျော့ထပ်မံလှုပ်

ချီလီနိုင်ငံ အလယ်ပိုင်းတွင် မတ်၁ရက်နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၂အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ သို့သော် ငလျင်များထပ်မံလှုပ်နိုင်သည့် အနေအထားရှိကြောင်း ချီလီအရာရှိများက ပြောကြားသည်။

တရုတ်နှင့်ပီရူး လွတ်လပ်စွာကုန်သွယ်ရေးစတင်

တရုတ်နှင့်ပီရူးနှစ်နိုင်ငံတို့၏ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူမှုသည် မတ် ၁ရက်မှ စတင်ပြီဖြစ်ရာ တရုတ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများဖြစ်သော အီလက်ထရွန်နစ်၊ ဓာတုပစ္စည်းနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများကို ပီရူးနိုင်ငံသို့ စတင် တင်ပို့နေပြီဖြစ်ကြောင်း တရုတ်အရာရှိများက မတ် ၁ရက်တွင် ပြောကြားသည်။

မလေးရှားက တိုက်ခိုက်ရေးရဟတ်ယာဉ်များဝယ်ယူ

မလေးရှားနိုင်ငံသည် စစ်ဘက်သုံးရဟတ်ယာဉ်များဖြစ်သော တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၊ ထောက်ပံ့ရေးရဟတ်ယာဉ်များနှင့် လေ့ကျင့်ရေးရဟတ်ယာဉ်များ ယခုနှစ်အတွင်း ဝယ်ယူဖြည့်ဆည်းရန်စီစဉ်နေကြောင်း မလေးရှားစစ်ဘက်အရာရှိများက မတ် ၁ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ချီလီသို့သွားမည့်ခရီးစဉ် စပိန်ဘုရင်ပယ်ဖျက်

ချီလီနိုင်ငံ၌ကျင်းပသည့် နိုင်ငံတကာညီလာခံသို့ တက်ရောက်ရန်စီစဉ်ထားသော စပိန်ဘုရင်ဂျွန်ကားလို့စ်နှင့် မိဖုရားဆိုဖီယာတို့သည် ငလျင်ကြောင့် ၎င်းတို့၏ ခရီးစဉ်ကို ပယ်ဖျက်လိုက်ကြောင်း စပိန်အရာရှိများက မတ် ၁ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား ဂျာဗားပြည်နယ်အလယ်ပိုင်း၌ မြေပြို

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်အလယ်ပိုင်း ဝိုနိုဆိုဘိုမြို့အနီး ကျေးရွာတစ်ရွာ၌ မတ် ၁ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားရာ အိမ်သုံးလုံး ပျက်စီးပြီး သုံးဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က မတ် ၁ရက်တွင် ပြောကြားသည်။

(အောက်ပုံ)

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ မတ် ၁ရက် ဈေးပိတ်ချိန် ဂျပန်ယန်းငွေ ၈၉ယန်းလျှင် အမေရိကန်တစ်ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ဂျပန်ငွေကြေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဂျာမနီအနောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

ဂျာမနီနိုင်ငံအနောက်ပိုင်းဒေသများသို့ မတ် ၁ရက် နံနက်က တစ်နာရီလျှင် ကီလိုမီတာ ၁၀၀နှုန်း တိုက်ခတ်သောမုန်တိုင်းကြောင့် ဒေသခံသုံးဦးသေဆုံးခဲ့ကြောင်း၊ လေယာဉ်ခရီးစဉ်များနှင့် ရထားပြေးဆွဲမှုများကို ယာယီရပ်ဆိုင်းထားရကြောင်း ဂျာမနီအရာရှိများက သတင်းထုတ်ပြန်သည်။

အိန္ဒိယလေတပ် စစ်ရေးလေ့ကျင့်

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျက်စသန်ပြည်နယ်တွင် မတ် ၁ရက်က အိန္ဒိယလေတပ်မှ လေယာဉ်များစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း၊ စစ်ဘက်ဆိုင်ရာ တိုက်လေယာဉ်နှင့် ထောက်ပံ့လေယာဉ် အစင်းပေါင်း ၁၀၀ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း အိန္ဒိယလေတပ် အရာရှိများက မတ် ၁ရက်၌ ပြောကြားသည်။

ချီလီအဆောက်အအုံပျက်များကြားမှ ၂၆ဦး ကယ်ဆယ်နိုင်

ချီလီနိုင်ငံ၌ ယခင်ရက်သတ္တပတ်က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် အဆောက်အအုံပျက်များအကြား ပိမိနေသောသူများအား ကယ်ဆယ်ရေးဝန်ထမ်းများက ဆက်လက်ရှာဖွေမှုများပြုလုပ်ရာ ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက ၁၄ထပ် အဆောက်အအုံပျက်ကြားမှ ၂၆ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

လက်ဘနွန်သို့ ရုရှားစစ်ရဟတ်ယာဉ်ဖြည့်တင်းမည်

လက်ဘနွန်နိုင်ငံသို့ ရုရှားနိုင်ငံမှ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်(၁၀အမ်အိုင်-၂၄) လေယာဉ်ကို ဖြည့်တင်းပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ရက်တွင် လက်ဘနွန်သမ္မတ မော်စကိုမြို့သို့ ရောက်ရှိစဉ် နှစ်နိုင်ငံအကြီးအကဲများ သဘောတူညီကြသည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ ။

(အင်တာနက်)

အငြိမ်းစားအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနား ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော အငြိမ်းစားအကြိမ် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများကိုပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေမိသားစု၊ ဆုရရှိကြသော စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာဝန်တင်ရွှေစာပေဆုရွေးချယ်ရေးအဖွဲ့ ကိုယ်စား ဆုရွေးချယ်ရေးကော်မတီဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆုရွေးချယ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သီချင်းလူ၊ ပုံပြင်လူ၊ ငြိမ်းချမ်းလူစာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုရရှိသူ ဒေါက်တာအောင်ကြီးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေဟောပြောပွဲ ဘက်ဂရောင်း၊ (ဦး)အောင်သင်း ပရိုဖိုင်းနှင့် အခြားဂျာနယ်ဆောင်းပါးများ စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုရရှိသူ ချစ်ဦးညိုအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆရာဝန်တင်ရွှေ စာပေဆုရရှိကြသော **အိမ်တွင်းသမားတော်**စာအုပ်ဖြင့် ဆုရရှိသူ ဦးမျိုးသန့်(မောင်ဆုရှင်)ကိုယ်စား သားဖြစ်သူမောင်စိုးသန့်၊ **စာပေဟောပြောပွဲဘက်ဂရောင်း၊ (ဦး)အောင်သင်းပရိုဖိုင်းနှင့် အခြားဂျာနယ်ဆောင်းပါးများ**စာအုပ်ဖြင့် ဆုရရှိသူ ချစ်ဦးညို၊ **သီချင်းလူ၊ ပုံပြင်လူ၊ ငြိမ်းချမ်းလူ** စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာအောင်ကြီးနှင့် **မောင်ငယ်ငယ်ကခရေဦးနှင့် ရသစာတမ်းများ**စာအုပ်ဖြင့် ဆုရရှိသူ မောင်ရင့်မာ (ကျောင်းကုန်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုရရှိသူများဖြစ်ကြသော ချစ်ဦးညို၊ ဒေါက်တာအောင်ကြီးနှင့် မောင်ရင့်မာ(ကျောင်းကုန်း)တို့က ကျေးဇူးတင်စကားပြောကြားကြပြီး စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က စာပေဆုရွေးချယ်ရေးအဖွဲ့အား ဂါရဝပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ရာ အဖွဲ့ကိုယ်စား ဒေါက်တာသော်ကောင်းက လက်ခံသည်။

ယင်းနောက် စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံသက်ကြီးစာပေပညာရှင်များအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌဦးသန်းမောင်(သန်းမောင်)တို့က လက်ခံကြသည်။

ထို့နောက် စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာပေအလှူရှင်၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

နောင်ချိုမြို့နယ် အုမ္ဗသီးကျေးရွာ၌ ဂုဏ်ထူးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နောင်ချို မတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဆမ္ဗဆယ်ကျေးရွာအုပ်စု အုမ္ဗသီးကျေးရွာ၌ ဂုဏ်ထူးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၁နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေလင်းထွန်းက ဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် အုမ္ဗသီးကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မတည်

၎င်းစာကြည့်တိုက် အဆောက်အအုံကို နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်းနှင့် အလှူရှင်များနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေ ကျပ်သိန်း ၂၀ စုစုပေါင်း ကျပ်သိန်း ၃၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၃၀	၉။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	Local Talent
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀	၃။	ကြေးမုံရိပ်သွင်တေးနုယဉ်
၄:၃၀	၄။	အတီးပြိုင်ပွဲ
၄:၄၀	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၅၀	၆။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၅:၀၀	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၁၀	၈။	တေးဂီတအစီအစဉ်
၅:၂၀	၉။	**ဆီးချို သွေးချိုကာကွယ်ပါ**
၅:၄၀	၁၀။	ရင်မှာစွဲထင် တေးအလှသံစဉ်
၅:၅၀	၁၁။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၁၅	၁၃။	မိုးလေဝသအခြေအနေ
၆:၂၀	၁၄။	**ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
၆:၃၅	၁၅။	ဆိုလိုက်ကြစို့
၇:၀၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂)
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆုံးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၃၀)
	၂၁။	**ရုပ်ရှင်ပဟေဠိ**
	၂၂။	အစီအစဉ်ပြီး၏။

မြန်မာ့အလင်း

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်-ရှာဖွေတင်ပြသည်

မော်စကို မတ် ၁

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက် ရိုက်ကူးခဲ့သော ဓာတ်ပုံတစ်ပုံကို စိန့်ပီတာစဘတ်မြို့၌ မကြာမီက လေလံတင်ရောင်းချခဲ့ရာ ရုရှားရူဘီးငွေ ၅၁ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်း)ဖြင့် အမည်မဖော်လိုသူ ဓာတ်ပုံစုဆောင်းသူတစ်ဦးက ဝယ်ယူသွားခဲ့သည်။



သွားရောက်လည်ပတ်

အဆိုပါဓာတ်ပုံမှာ အဖြူ အမည်း ဓာတ်ပုံဖြစ်သည်။ သမ္မတမက်ဗီဒက်သည် ဆိုက်ဘေးရီးယားသို့ သွားရောက်လည်ပတ်စဉ် တိုဘိုခရီမင် ရှခင်းပုံကို ရဟတ်ယာဉ်ပေါ်မှ ရိုက်ကူးခဲ့သည်ဟုဆို၏။

ရိုက်ကူးခဲ့

ဤဓာတ်ပုံသည် အဖြူ အမည်း ဖြစ်သော်လည်း အလင်းအမှောင်နှင့် ဓာတ်ပုံဆရာတစ်ဦး ပညာရပ်ပိုင်းဆိုင်ရာ အပြည့်အဝ ပေါင်းစပ်ပြီး ရိုက်ကူးခဲ့သည့် ဓာတ်ပုံကောင်း တစ်ပုံဖြစ်သည်။ သမ္မတမက်ဗီဒက်သည် ၎င်းဓာတ်ပုံကို တစ်ချိန်က အဆိုပါဒေသ၌ ရှေ့နေတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း **အမြို့မြို့အနယ်နယ်လိုတိုရှင်းသတင်းများ**

ရန်ကုန် မတ် ၁

သာယာဝတီ ခရိုင်ရဲတပ်ဖွဲ့မှူး စခန်းများစစ်ဆေး

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မြင့်ဦးသည် ဖေဖော်ဝါရီ ၁၆ရက်က မိုးညိုမြို့နယ် ထိန်တောရဲစခန်း၊ လက်ပံတန်းမြို့နယ် ခမုံရဲစခန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာစခန်းမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ *(၁၇၅)*

ဖားကန့် ဈေးရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်

ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးကြီး သန့်ရှင်းသပ်ရပ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ရက်က ဈေးအပြင်ဘက် ရေမြောင်းများအတွင်းရှိ ရွှံ့နွံများဆယ်ယူခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သောဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ပေးသည်။ ***(မြို့နယ်စည်ပင်)***

နမ္မတူ၌ လူတုပ်ကွေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ မြို့တော်ခန်းမ၌ ကမ္ဘာ့လူတုပ်ကွေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဝေက အမှာစကားပြောကြားပြီး ကမ္ဘာ့လူတုပ်ကွေးအသိပညာပေးရေးအတွက် မြို့နယ်လက်ထောက်ဆရာဝန် ဦးစိုင်းလှတင်က ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

မင်းတုန်း၌ စာကြည့်တိုက်နှစ်ပတ်လည်နေ့ စာပေဟောပြော

သရက်ခရိုင် မင်းတုန်းမြို့နယ် မယ်ဇလီကျေးရွာ စာပေအလင်းရောင် စာကြည့်တိုက် (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၅ရက် ည ၇နာရီက အဆိုပါကျေးရွာ မူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပရာ အုပ်စုဥက္ကဋ္ဌ ဦးတင်အောင်က အမှာစကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသည့် နွမ်ဂျာသိုင်းက စာရေးသူမှစာဖတ်သူသို့၊ မိုးပန်းမွှန်(ရာမည)က လူနှင့်လူ့တန်ဖိုး၊ အဏ္ဏဝါစိုးမိုးက အိမ်ရှေ့မင်းသားတစ်ယောက်၏ သူငယ်ချင်းတစ်ယောက်အကြောင်း ခေါင်းစဉ်တို့ဖြင့် ဟောပြောကြသည်။ ***(ခရိုင် ပြန်/ဆက်)***

သောက်သုံးရေတိုးမြှင့်ပေးရေး ကျောက်ပန်းတောင်း၌ဆောင်ရွက်

ကျောက်ပန်းတောင်းမြို့နယ် သောက်သုံးရေ တိုးမြှင့်ပေးဝေနိုင်ရေးအတွက် ရေဂါလန် နှစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရှေ့လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီက ဆည်ပေါက်ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းက အမှာစကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ်၌ စာကြည့်တိုက်များ ဆောက်လုပ်

ဂန့်ဂေါခရိုင်စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်သည် ဂန့်ဂေါမြို့နယ် ဥက္ကဋ္ဌ ဦးကျော်ခိုင်နှင့်အတူ ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာ၊ နှမ်းခါးကျေးရွာနှင့် ထယ်လှော်ကျေးရွာတို့သို့ ဖေဖော်ဝါရီ ၁၆ရက်က သွားရောက်၍ ကျေးရွာများ၌ နိုင်ငံတော်မတည်ငွေဖြင့် စာကြည့်တိုက်များဆောက်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ***(ခရိုင် ပြန်/ဆက်)***

ရေတာရှည်၌ ကျန်းမာရေး အသိပညာပေးဟောပြော

ရေတာရှည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၈ရက်က ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်သူဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့လူတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့် အချက်အလက်များကို ပညာပေးဆွေးနွေးသည်။ *(ကျန်းမာရေး)*

အသိပညာပေး ဟောပြောပွဲ သဲကုန်း၌ကျင်းပ

သဲကုန်းမြို့နယ် ညောင်ကုန်းအုပ်စု အင်ပင်လှကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ အင်ပင်လှကျေးရွာ အလက ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်က အမှာစကားပြောကြားသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာအုပ်စာစောင်နှင့်သတင်းစာလှူဒါန်းပွဲ လားရှိုး၌ကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသော စာအုပ်စာစောင်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က မန်အိုင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်းက အမှာစကားပြောကြားပြီး ဌာနပေါင်းစုံမှ စုဆောင်းအလှူခံရရှိသော စာအုပ်စာစောင်များနှင့် လားရှိုးကိုယ်ပွားသတင်းစာတိုက်မှ စာတည်းဦးဇော်လွင် လှူဒါန်းသော နေ့စဉ်ထုတ်သတင်းစာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ *(၀၂၆)*

ကော့ကရိတ်၌ စာကြည့်တိုက်ဆောက်လုပ်မှု စစ်ဆေး

ကော့ကရိတ်ခရိုင် မြပတိုင်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော ရောင်ခြည်လင်းစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်မှုကို ဇန်နဝါရီ ၁၃ရက်က ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မျိုးဝင်း၊ ရုပ်/သံ-၃ ဒေါ်ကေခိုင်မွန်နှင့် မြပတိုင်ကျေးရွာဥက္ကဋ္ဌ ဦးမန်းညွန့်တင်တို့ ကွင်းဆင်းကြည့်ရှုကြသည်။ ***(ခရိုင် ပြန်/ဆက်)***

(၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရည်ပြည့်ဝအောင်လုပ်ဆောင် တပ်မတော်သားများနည်းတူ စွမ်းရည်ထက်မြက်ရေးလေ့ကျင့်

ရန်ကုန် မတ် ၁

(၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်း၌ ပါဝင်ချီတက်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက လုပ်ငန်းကော်မတီများနှင့် တပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားခြင်းနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) သီတာခန်းမ၌ ကျင်းပသည်။

အစွမ်းကုန်ဆောင်ရွက်

ရေးဦးစွာဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် (၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသည် နိုင်ငံတော်အခမ်းအနား တစ်ခုဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် စွမ်းရည်များထက်မြက်ရေး၊ စစ်ရေးပြစွမ်းရည်၊ စည်းကမ်းသေဝပ်မှု၊ စစ်ချီသီချင်းသီဆိုမှုများ ကောင်းမွန်ရေး၊ လေ့ကျင့်ရည်ပြည့်ဝရေးတို့ကောင်းမွန်အောင် ကော်မတီဝင်များအနေဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားဖြစ်သည်နှင့်အညီ တပ်မတော်သားများနည်းတူ စွမ်းရည်ထက်မြက်ရေးအတွက် လေ့ကျင့်ရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များအား စိတ်ဓာတ်မြင့်တင်ရေး၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကျန်းမာရေးကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အဆိုပါအခမ်းအနားသည် သမိုင်းနှင့်ချီပြီး အနှစ်သာရရှိသော နေ့ထူးနေ့မြတ် တစ်ခုဖြစ်သည့်အတွက် ပါဝင်ချီတက်သော တပ်ဖွဲ့ဝင်များအနေဖြင့် ဂုဏ်ယူတတ်ရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များအနေနှင့် စွမ်းရည်မြင့်မားစွာဖြင့် အစွမ်းကုန်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စစ်ရေးပြတွင် ပါဝင်သော တပ်ဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ကျန်းမာရေးကောင်းမွန်ရေးကို ကော်မတီဝင်များနှင့် တပ်ဖွဲ့ဝင်များက လိုက်နာလုပ်ဆောင်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ထို့နောက် အလှူရှင်များကိုယ်စား ရွှေနေချုပ်ရုံးမှ ညွှန်ကြားရေးမှူး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်းက အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်း၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒီမိုကရေစီနည်းလမ်းကျသော ဘက်စုံကြည့်ရှုမှုဖြင့် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လယ်မြေ ၃၄၅၈ဧကကို ဆည်ရေပေးဝေမည့် ဆိပ်ဖြူမြို့နယ် ဝန်ယူရေလှောင်တမံ ဖွင့်လှစ်

နေပြည်တော် မတ် ၁

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ဝန်ယူရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းဖွဲ့ဝင်များ၊ တောင်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ဝန်ယူရေလှောင်တမံ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းဥက္ကဋ္ဌက ဝန်ယူရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ဝန်ယူရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ယူရေလှောင်တမံ မုခ်ဦးရှေ့တွင် တိုင်းဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ဝန်ယူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)**တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြကာ ရေလှောင်တမံကို လှည့်လည်ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်သော ဝန်ယူရေလှောင်တမံသည် မကွေးတိုင်းအတွင်း ၄၇ခုမြောက် ရေလှောင်တမံဖြစ်ပြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကန်ဇွန်းမကျေးရွာအနီး ဝန်ယူချောင်းပေါ်တွင် တည်ဆောက်ထားကာ တမံအလျား ပေ၂၃၀၀၊ အမြင့် ၂၈ပေနှင့် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၄၀၀ ရှိသည်။

တိုးတက်စိုက်ပျိုး

အဆိုပါ ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည့်အပြင် လယ်မြေ ၃၄၅၈ဧကအတွက် ဆည်ရေပေးဝေနိုင်မည်ဖြစ်ပြီး နွေစပါးနှင့် ကုလားပဲတို့ကို တိုးတက်စိုက်ပျိုးနိုင်လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်မြို့ရှိ လောကမဏိစူဠာ မဟာမုနိစေတီတော်မြတ် ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲမင်္ဂလာကျင်းပ

နေပြည်တော် မတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ လောကမဏိစူဠာ မဟာမုနိစေတီတော်မြတ်ကြီး ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် (တပေါင်းလပြည့်နေ့)တွင် အဆိုပါစေတီတော်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ကြည်ညိုသည်။

ရွတ်ပွားသရဇ္ဈာယ်

အခမ်းအနားတွင် လောက်ကိုင်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆရာတော်ထံ ဆက်ကပ်ကာ သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ရေစက်သွန်းချ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယအစီအစဉ်ဖြစ်သည့် ရွှေထီးတော် ပင့်ဆောင်ခြင်းနှင့် တင်လှူပူဇော်ခြင်း အစီအစဉ်ကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စိန်ဖူးတော်ကိုလည်းကောင်း၊ ဗိုလ်မှူးချုပ် အောင်ကျော်ဇောက ငှက်မြတ်နားတော်ကို လည်းကောင်း၊ ဗိုလ်မှူးကြီးသန်းထိုက်က ဖွန်သုံးဘုံကိုလည်းကောင်း၊ ကိုးကန့်ဒေသယာယီ ဦးစီးကော်မတီမှ ဦးပယ်စောက်ချိန်က ဆတ်သွားဖူးတော်ကို လည်းကောင်း၊ ဦးလူကွယ်ချီးက သတ္တမ၊ ဆဋ္ဌမ၊ ပဉ္စမဘုံအဆင့်ဆင့်ကိုလည်းကောင်း၊ ကျန်ဘုံအဆင့်များနှင့် အရံစေတီတော်များ၏ ရွှေထီးတော်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက လည်းကောင်း ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည် ပူဇော်ခဲ့ကြသည်။

ပက်ဖျန်း

ဆက်လက်၍ ဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဘုံအဆင့်ဆင့်ကို ပန်းရထားဖြင့် စေတီတော်အပေါ်သို့ ပင့်ဆောင်ပြီး မင်္ဂလာအချိန်တွင် ဝန်ကြီးနှင့် ဗိုလ်မှူးချုပ် အောင်ကျော်ဇောတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို တင်လှူပူဇော်၍ အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်ကာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးသည်။

အနေကဇာတင်

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ယူရေလှောင်တမံ

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ရှိ ဝန်ယူရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co.,Ltd. မှ တာဝန်ရှိသူများ၊ စည်တော်ကြီးအဖွဲ့နှင့် ပန်းဖွားအက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဦးအောင်သောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co.,Ltd. မှ Managing Director, Mr.Wang Jian တို့က ဘိလပ်မြေစက်ရုံ(နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဘိလပ်မြေစက်ရုံ(နေပြည်တော်) စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိလပ်မြေစက်ရုံ (နေပြည်တော်) စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရောက်ရှိပြီး စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းနမူနာများ၊ စက်ရုံမှထုတ်လုပ်သည့် ဘိလပ်မြေနမူနာနှင့် လောင်စာကျောက်မီးသွေးနမူနာတို့ကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထုတ်လုပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံရှိ ကုန်ကြမ်းကြိတ်စက်၊ မီးသင်းဖို၊ ဓာတ်ခွဲစမ်းသပ်ခန်း၊ ပင်မထိန်းချုပ်ခန်းနှင့် ဂေါ်ဒန်ကြိတ်ခွဲစက်တို့၏ စက်များ လည်ပတ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကုန်ချောကြိတ်စက်တွင် ဘိလပ်မြေများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဘိလပ်မြေအိတ်သွတ်စက်နှင့် ကုန်ချောသိုလှောင်ရုံတွင် ထုပ်ပိုးပြီး ဘိလပ်မြေအိတ်များအား မော်တော်ယာဉ်ဖြင့် တင်ပို့ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စက်ရုံခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးအောင်သောင်းနှင့် Jiangsu Pengfei Group Co.,Ltd. မှ Managing Director တို့က စက်ရုံဖွင့်ပွဲ အထိမ်း

အမှတ် ...
ပေးအပ် ...
က Jian...

* ဘိလပ်မြေစက်ရုံ(...
လယ်ဝေးမြို့နယ်ရှိ...
အနီး၌ တည်ရှိ။

* ယခုအခါ တပ်ဆ...
အညီ ထုတ်လုပ်...

* ယခုဖွင့်လှစ်လိုက်...
တော်)က တစ်နေ့...
မည်ဖြစ်ပြီး ပြည်...
အသုံးချ၍ နိုင်ငံ...
ကို ပိုမိုဖြည့်ဆည်...

...
စက်မှု...
နိုင်ငံ ...
tor, M...
ဖြတ်၍...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဘိလပ်မြေစက်ရုံ(နေပြည်တော်) စက်ရုံမုခ်ဦးရှေ့တွင် စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပက်ဖျန်းပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများနှင့် Jiangsu Pengfei Group Co.,Ltd. မှ Managing Director တို့က စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံမုခ်ဦးရှေ့တွင် စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံ ရှင်းလင်းဆောင်သို့

ဘိလပ်မြေစက်ရုံ(နေပြည်တော်)

အ...
ဘိလပ်...

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မင်္ဂလ်ရှစ်ပါးတံတား** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၇)
၈:၃၀ Sports World(Trial-1)
၈:၅၅ ရခိုင်သွေးချင်းတို့ဌာနေ… မောဃဝတီမာန်အောင်မြေ
၉:၀၅ ရွှေဒုံးမြေမှ မြတ်ဆရာပူဇော်ပွဲ
၉:၃၀ စကားနပန်း ဒါရိုက်တာနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၁၀:၀၀ ရိုးရှင်းသောပုံရိပ်တို့မှသည်
၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကင်းပညာရေးကောလိပ် ထမနဲထိုးပြိုင်ပွဲ)
၁၀:၃၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ…
၁၀:၄၅ အာဟာရအတွက် နို့တစ်ခွက်၏ သိကောင်းစရာအကြောင်းအရာများ
၁၀:၅၅ Cartoon Show Time (Coraline)
၁၁:၃၅ ညီညွတ်ကျန်းမာမြန်ကောင်း သက်သာ Nippon Noodles ပါ
၁၂:၀၅ သင်ကြားရေးလမ်းညွှန် (အောင်မြေသာစည် သူနာပြု အကူနှင့် ဆေးဝါးကျွမ်းကျင်သင်တန်း)
၁၂:၃၀ ရိုးရှင်းသောပုံရိပ်တို့မှသည်
၁၂:၅၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ…
၁:၀၀ **မင်္ဂလ်ရှစ်ပါးတံတား** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Romantic ကမ်းခြေ)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၇)
၃:၅၅ ရွှေဒုံးမြေမှ မြတ်ဆရာပူဇော်ပွဲ
၄:၂၀ ရခိုင်သွေးချင်းတို့ဌာနေ… မောဃဝတီမာန်အောင်မြေ
၄:၃၅ Aureum Palace Resort (Ngwe Saung)
၅:၁၀ World of Knowledge (Moving Ancient Egypt)
၆:၀၀ MRTV-4 သတင်း
၆:၂၀ Celebrity Style (ယုန်လေး)
၆:၅၅ Fashion Music Festival (Romantic ကမ်းခြေ)
၇:၂၅ စကားနပန်း ဒါရိုက်တာနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Cartoon Show Time (Coraline)
၉:၀၅ Celebrity Style (ယုန်လေး)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၇)
၁၀:၀၀ Sunday Talk
၁၀:၅၅ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကင်းပညာရေးကောလိပ် ထမနဲထိုးပြိုင်ပွဲ)
၁၁:၁၀ သင်ကြားရေးလမ်းညွှန် (အောင်မြေသာစည် သူနာပြုအကူနှင့် ဆေးဝါးကျွမ်းကျင်သင်တန်း)
၁၁:၃၅ မျိုးသန့်စိုက်ပျိုးအထွက်တိုး အကျိုးများမည် တို့တိုင်းပြည်
၁၁:၅၅ **ဝါသီးက ရွှေသီးဖြစ်ပြီ** ဖြိုးငွေစိုး၊ ကောင်းခန့်၊ ပပဝင်းခင်၊ ခိုင်ငြိမ်းငြိမ်းစံ ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
၁၂:၂၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၂:၃၀ ပုခန်းကြီး ရှေးဟောင်းကျောင်းတော်ကြီး
၁၂:၄၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

* ဘိလပ်မြေစက်ရုံ(နေပြည်တော်)သည် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ တောင်ဖီလာ ထုံးကျောက်တောင် အနီး၌ တည်ရှိ။

* ယခုအခါ တပ်ဆင်စက်စွမ်းအား စံချိန်စံညွှန်းများနှင့် အညီ ထုတ်လုပ်နေပြီ။

* ယခုဖွင့်လှစ်လိုက်သည့် ဘိလပ်မြေစက်ရုံ (နေပြည်တော်)က တစ်နေ့လျှင် ဘိလပ်မြေတန် ၅၀၀ ထုတ်လုပ်မည်ဖြစ်ပြီး ပြည်တွင်းသယံဇာတများကို အကျိုးရှိစွာ အသုံးချ၍ နိုင်ငံတော်အတွက် ဘိလပ်မြေလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးသွားနိုင်မည်။

အဆိုပါ ဘိလပ်မြေစက်ရုံ (နေပြည်တော်)သည် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ တောင်ဖီလာ ထုံးကျောက်တောင်အနီး၌ တည်ရှိသည်။

တည်ဆောက်တပ်ဆင်

စက်ရုံကို ၂၀၀၈ခုနှစ် ဇူလိုင် ၁ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် စက်ရုံအဆောက်အအုံနှင့် စက်ပစ္စည်းများ တည်ဆောက် တပ်ဆင်ပြီးစီးခဲ့သည်။

ယင်းနောက် စက်စမ်းသပ်လည်ပတ်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုအခါ တပ်ဆင်စက်စွမ်းအား စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နေပြီဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ဘိလပ်မြေစက်ရုံ(နေပြည်တော်)က တစ်နေ့လျှင် ဘိလပ်မြေတန် ၅၀၀ ထုတ်လုပ်မည်ဖြစ်ပြီး ပြည်တွင်းသယံဇာတများကို အကျိုးရှိစွာ အသုံးချ၍ နိုင်ငံတော်အတွက် ဘိလပ်မြေလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်း ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိလပ်မြေစက်ရုံ (နေပြည်တော်) ရှင်းလင်းဆောင်၌ ပြသထားသည့် ကုန်ကြမ်းပစ္စည်းနမူနာများ၊ စက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေနမူနာနှင့် လောင်စာကျောက်မီးသွေးနမူနာတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဘိလပ်မြေအိတ်သွတ်စက်နှင့် ကုန်ချောသိုလှောင်ရုံတွင် ထုပ်ပိုးပြီး ဘိလပ်မြေအိတ်များအား မော်တော်ယာဉ်ဖြင့် တင်ပို့ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စက်ရုံခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးအောင်သောင်းနှင့် Jiangsu Pengfei Group Co.,Ltd. မှ Managing Director တို့က စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြု ပေးအပ်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က Jiangsu Pengfei Group Co.,Ltd. မှ Managing Director အား သစ်သီးခြင်းလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co.,Ltd. မှ Managing Director, Mr. Wang Jian တို့ ဘိလပ်မြေစက်ရုံ(နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

လက်ဆောင်ပေးအပ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိလပ်မြေစက်ရုံ(နေပြည်တော်) စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် Jiangsu Pengfei Group Co.,Ltd. မှ Managing Director, Mr. Wang Jian အား သစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)

ဘိလပ်မြေစက်ရုံ(နေပြည်တော်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေစက်ရုံ(နေပြည်တော်)ကို တွေ့ရစဉ်။

(သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ၌ မိုးရွာဖွယ်

နေပြည်တော် မတ် ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ မကွေးမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ဒသမ ၈၉လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ပဉ္စမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနား
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများချီးမြှင့်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် ပဉ္စမအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာပေပညာရှင်ကြီးများ၊ စာပေလောကသားများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ သုတစွယ်စုံစာပေဆု အလှူရှင် စွယ်စုံမီဒီယာဂရု(ပ်) မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးက စာပေဆုချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုရွေးချယ်ရေးအဖွဲ့ဝင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်မှုအဆင့်ဆင့်နှင့် ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) သုတစွယ်စုံစာပေဆု (နိုင်ငံတကာရေးရာ) ဘာသာရပ်တွင် သမိုင်းစာမျက်နှာပေါ်က အင်ပါယာနိုင်ငံများနှင့် နီယိုကွန်တို့ နေဝင်ချိန် စာအုပ်ဖြင့် ဆုရရှိသူ ရဲထွဋ်အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဦးချစ်စံ (ချစ်စံဝင်း)၊ သုတစွယ်စုံစာပေဆု (လူမှုစီးပွား) ဘာသာရပ်တွင် “လူမှုဆက်ဆံရေးဆိုင်ရာ ကမ္ဘာ့ထုံးတမ်းစဉ်လာများ” စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာချစ်နှင့် သုတစွယ်စုံစာပေဆု (ဝိဇ္ဇာ)ဘာသာရပ်တွင် “မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း” စာအုပ်ဖြင့် ဆုရရှိသူ တက္ကသိုလ်စိန်တင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က သုတစွယ်စုံစာပေဆု (နိုင်ငံတကာရေးရာ)ဘာသာရပ်တွင် “သမိုင်းစာမျက်နှာပေါ်က အင်ပါယာနိုင်ငံများနှင့် နီယိုကွန်တို့ နေဝင်ချိန်”စာအုပ်ဖြင့် ဆုရရှိသူ ရဲထွဋ်နှင့် သုတစွယ်စုံစာပေဆု(ဘာသာပြန်) ဘာသာရပ်တွင် “ဦးဆောင်စွန့်စား စီးပွားတည်ဆောက်ခြင်း”စာအုပ်ဖြင့် ဆုရရှိသူ ကြည်မင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စာပေဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က သုတစွယ်စုံစာပေဆု (လူငယ်စာပေ) ဘာသာရပ်တွင် “ဘာလဲဟဲ့ဒေါက်တာဘွဲ့” စာအုပ်ဖြင့် ဆုရရှိသူ ပါမောက္ခဒေါက်တာတင်စိုးအားလည်းကောင်း၊ စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သုတစွယ်စုံစာပေဆု (ရည်ညွှန်းစာပေ) ဘာသာရပ်တွင် “စာအုပ်များနှင့် နှစ်ပေါင်းများစွာ” စာအုပ်ဖြင့် ဆုရရှိသူ ကျော်ဝင်းနှင့် သုတစွယ်စုံစာပေဆု (စာပဒေသာ) ဘာသာရပ်တွင် “အွန်စောတို့ဌာနေ၊ ကိုယ်တွေ့ ကိုရီးယားခရီးသွားဆောင်းပါးများ” စာအုပ်ဖြင့်ဆုရရှိသူကိုကို(စက်မှုတက္ကသိုလ်)တို့အားလည်းကောင်း၊ စွယ်စုံမီဒီယာဂရု(ပ်) မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးက သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ) ဘာသာရပ်တွင် “လူနာဖြစ်သွားသော ဆရာဝန်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ” စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာစိုးလွင်အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သုတစွယ်စုံစာပေဆု (လူမှုစီးပွား) ဘာသာရပ်တွင် လူမှုဆက်ဆံရေးဆိုင်ရာ ကမ္ဘာ့ထုံးတမ်းစဉ်လာများ စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာချစ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လက်ခံ

ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးတို့က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၁၀ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေကျပ်ရှစ်သိန်းနှင့် စာပေဆုရွေးချယ်ရေးအဖွဲ့အား မေတ္တာလက်ဆောင်များကို ပေးအပ်ကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဒေါက်တာကျော်စိန်တို့က လက်ခံကြသည်။

ကျေးဇူးတင်စကားပြော

ယင်းနောက် ဆုရရှိသူများကိုယ်စား တစ်သက်တာစာပေဆုရ ဦးချစ်စံ(ချစ်စံဝင်း)နှင့် ဒေါက်တာစိုးလွင်တို့က ကျေးဇူးတင်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

ချင်းပြည်နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်၊ ရန်ပုံငွေ၊ အဆောက်အအုံ၊ ပရိဘောဂနှင့် မီဒီယာပစ္စည်းများလှူဒါန်း

ဟားခါး မတ် ၁

ချင်းပြည်နယ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်စာစောင်၊ ရန်ပုံငွေ၊ အဆောက်အအုံ၊ ပရိဘောဂနှင့် မီဒီယာပစ္စည်းများလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက်က ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်ကြွန်ဘို့ခ်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အမှာစကားပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဖလမ်းမြို့နယ် လေးလက်ကျေးရွာအတွက် လှူဒါန်းသော ၂၁ လက်မ ရောင်စုံတီဗွီနှင့် ဂြိုဟ်တုစလောင်း တစ်စုံတို့ကို ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ပေးအပ်လှူဒါန်းရာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

DTH စလောင်း ၂၅စုံ၊ FM Bagan က လှူဒါန်းသော Sakura ရေဒီယိုနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်ကလှူဒါန်းသော စာအုပ်စာစောင်များကို ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်ကလည်းကောင်း၊ ပြည်နယ်ဌာနဆိုင်ရာများက လှူဒါန်းသော စာအုပ် စာစောင်များကို ပြည်နယ်ပညာရေးမှူး ဦးမြင့်စိုးကလည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ စာအုပ်တိုက်များက လှူဒါန်းသော စာအုပ်များကို ပြည်နယ် ပြည်တွင်း အခွန်ဦးစီးဌာနမှူး ဦးဝင်းအောင်ညိုကလည်းကောင်း၊ ဟားခါးမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံနှင့် ပို့/ဆက်ဦးစီးဌာနက လှူဒါန်းသော ငွေကျပ် ၂၀၀၀၀၀ကို ဦးထန်အုပ်ကလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ ဒေါ်ခင်ခင်ဆွေက သုတရသစာအုပ် ၅၀၀ကိုလည်းကောင်း၊ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ပူးပေါင်းလှူဒါန်းသော ငွေကျပ် ၃၀၀၀၀ကို ပြည်နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းကလည်းကောင်း၊ ဖလမ်းနှင့် မင်းတပ်ခရိုင် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော စာအုပ်စာစောင်၊ အဆောက်အအုံ၊ ပရိဘောဂ၊ ရန်ပုံငွေနှင့် မီဒီယာပစ္စည်းများကို ဖလမ်းခရိုင်ဥက္ကဋ္ဌနှင့် မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံယူကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် လှူဒါန်းရရှိသည့် စာအုပ်စာစောင်၊ ကျေးရွာစာကြည့်တိုက် အဆောက်အအုံ၊ ပရိဘောဂ၊ မီဒီယာပစ္စည်းနှင့် ရန်ပုံငွေစုစုပေါင်းတန်ဖိုးမှာ ငွေ ၁၅၆၉၈၆၅၇၉ကျပ်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် မတ် ၁

ဦးဝင်းနိုင်သန်း (ဆောက်လုပ်ရေး) သည် ကစားဖော်များဖြစ်သော ဦးတင့်ဆွေ၊ ဦးခင်မောင်ကျော်၊ ဦးတင်အောင်တို့နှင့်အတူ ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေပြာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၂) ၁၄၅ ကိုက် အကွာအဝေးသို့ Serixon Zure Ball No.2. ဘောလုံးကို Callaway Iron No.5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အသင့်ထားရှိမှု၊ မိန်းခလုတ်များ စနစ်တကျ တပ်ဆင်ထားရှိမှုအခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဈေးတာဝန်ခံ ဦးဌေးဦးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လေပြင်းတိုက်ခတ်မည့် သတိပေးချက် ထုတ်ပြန်

နေပြည်တော် မတ် ၁

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံ အရပ်ရပ်တို့၌ နေ့အပူချိန်များ သိသိသာသာ တိုးလာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ရာမှ ရုံဖန်ရံခါ လေပြင်းများ ခေတ္တမျှတိုက်ခတ်နိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တန့်ယန်း၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

တန့်ယန်း မတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစိုင်းထွန်းကျော်နှင့် ရုံးဝန်ထမ်းများ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက်က လုံပုံကျေးရွာတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းကျော်က နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ၊ ကျေးရွာစာကြည့်တိုက်အား စံ(၅)ချက်နှင့်အညီဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် နိုင်ငံတော်၏မတည်ငွေဖြင့် တည်ဆောက်လျက်ရှိသည့် ကျေးရွာပညာအလင်းစာကြည့်တိုက် ဆောက်လုပ်နေမှုများကို ကြည့်ရှုကာ ဆောက်လုပ်ရေးကော်မတီနှင့် လုပ်ငန်းများ ဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ရိန်းဂျားမှ ကရစ်ဘွိုက်ဒ်အား ဘာမင်ဂမ်စိတ်ဝင်စား

ဘာမင်ဂမ်အသင်းသည် ရိန်းဂျားအသင်းမှ ကရစ်ဘွိုက်ဒ်အား စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ ထို့ကြောင့် မတ် ၃ရက်တွင် စကော့တလန်နှင့် ချက်တို့၏ ချစ်ကြည်ရေးပွဲစဉ်တွင် ဘွိုက်ဒ်၏ အခြေအနေကို လေ့လာအကဲခတ်ကြမည် ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဝက်စ်ဘရွန်းမှ ဒေါ်ရန်အားခေါ်ယူရန် အာဆင်နယ်ကြိုးပမ်း

ဝက်စ်ဘရွန်းအသင်းမှ ပေါင်ခြောက်သန်းတန် ကွင်းလယ်ကစားသမား ဂရေဟမ်ဒေါ်ရန်အား ခေါ်ယူရန် ကြိုးစားသော ပရီမီယာလိဂ်အသင်းများတွင် အာဆင်နယ်သည် နောက်ဆုံးအသင်းဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ရှန်နေ၏ညီ ဂျွန်ရှန်နေ ဒါဘီတွင် ခြေစစ်ဆေးမှုခံယူမည်

မန်ယူကြယ်ပွင့် ဝိန်းရှန်နေ၏ညီ အသက် ၁၉နှစ်ရှိ ဂျွန်ရှန်နေသည် ယခုသီတင်းပတ်တွင် ဒါဘီကောင်တီတွင် ပါဝင်ကစားရန်အတွက် ဒုတိယအကြိမ် ခြေစမ်းသပ်စစ်ဆေးမှုခံယူမည်ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အေစီ-မန်ယူ ဒုတိယအကျော့ပွဲစဉ်နှင့် ပါတိုလွဲချော်ဖွယ်

အေစီမီလန်တိုက်စစ်မှူး ပါတိုသည် ဖေဖော်ဝါရီ ၂၈ရက်က အေစီက အတ္တလန္တာအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်၌ ညာပေါင်ခြံတွင် ဒဏ်ရာရရှိခဲ့မှုကြောင့် မတ် ၁၀ရက်တွင် အိုးထရက်ဖို့ဒ်၌ မန်ယူနှင့်ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ရော့ဒ်ဝဲလ်အား မန်ယူစိတ်မဝင်စားရန် မိုယက်စ်ပြောကြား

မန်ယူအသင်းအနေဖြင့် အဲဗာတန်လူငယ်ကြယ်ပွင့် ဂျက်ခ်ရော့ဒ်ဝဲလ်အား ခေါ်ယူရန် စိတ်ဝင်စားမှုကို လက်လျှော့ရန် အဲဗာတန်နည်းပြ မိုယက်စ်က သတိပေးပြောကြားခဲ့ကြောင်း ဆန်းဒေးမေးလ်၌ ဖော်ပြသည်။

ဂရင်း၏ ထွက်ခွာရန်ကြိုးပမ်းမှု ဝက်စ်ဟမ်းခွင့်မပြု

ဂိုးသမားရောဘတ်ဂရင်း၏ ပရီမီယာလိဂ်ထိပ်သီးလေးသင်းအနက်မှ တစ်သင်းသင်းသို့ ပြောင်းရွှေ့ရန်ကြိုးပမ်းမှုကို ဝက်စ်ဟမ်းအသင်းက ခွင့်ပြုမည်မဟုတ်ကြောင်း ဆန်းဒေးမေးလ်၌ ဖော်ပြသည်။

ပေါလ်ဒစ်ကော့ဗ် လိဒ်ယူနိုက်တက်နှင့် စာချုပ်မည်

ကနေဒါအသင်း တိုရွန်တိုက စကော့တလန်လက်ရွေးစင်အသင်း တိုက်စစ်မှူးဟောင်း ပေါလ်ဒစ်ကော့ဗ်အားခေါ်ယူရန် စိတ်ဝင်စားသော်လည်း ဒစ်ကော့ဗ်သည် အင်္ဂလန်လိဂ်အသင်းတစ်သင်းဖြစ်သည့် လိဒ်ယူနိုက်တက်နှင့် စာချုပ်မည်ဖြစ်ကြောင်း မေးလ်အွန်ဆန်းဒေး၌ ဖော်ပြသည်။

အက်ရှ်လေကိုးလ် ဘောလုံးလောကမှ အနားယူဖွယ်

ဇနီးဖြစ်သူနှင့် အိမ်ထောင်ရေးပြဿနာဖြစ်နေသော အက်ရှ်လေကိုးလ်သည် ဘောလုံးလောကမှ နုတ်ထွက်ကာ အနားယူဖွယ်ရှိကြောင်း ဆန်းဒေးမေရာ၌ ဖော်ပြသည်။

ရစ်ချတ်ဆင် လက်ရွေးစင်ဖြစ်သင့်ကြောင်း ဘရစ်ပြောကြား

ဆန်းဒါးလန်းအသင်းမှ ကီရန်ရစ်ချတ်ဆင်သည် ယခုနှစ်၌ ကျင်းပတော့မည့် ကမ္ဘာ့ဖလားတွင် ဘယ်နောက်ခံလူအဖြစ် အင်္ဂလန်အသင်းအတွက် ရွေးချယ်ခံရသင့်သည်ဟု ဆန်းဒါးလန်းနည်းပြစတိဘရစ်က ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဒဏ်ရာမှပြန်မကောင်းမည်ကို စိုးရိမ်ဟု စပါးမှ မိုဒရစ်ဖွင့်ဟ

စပါးအသင်းကွင်းလယ်ကစားသမား လူကာမိုဒရစ်က ၄င်းအနေဖြင့်ပြီးခဲ့သည့် ၂၀၀၉ခုနှစ် ဩဂုတ်လက ရရှိခဲ့သည့် ခြေထောက်ကျိုးခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သည့်ဒဏ်ရာမှ ပြန်လည်မသက်သာမည်ကို စိုးရိမ်မိသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

ဖာဂူဆန်နေရာ၌ အစားထိုးတာဝန်မယူဟု အိုနေးလ်ဆို

မန်ယူတွင် ဖာဂူဆန်အနားယူလျှင် အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ် တာဝန်ယူလိမ့်မည်ဟု ထင်ကြေးဖြင့် ပြောကြားချက်များကို အိုနေးလ်က ငြင်းဆိုခဲ့ကြောင်း၊ အကြောင်းမှာ ၄င်းအနေဖြင့် တာဝန်ကြီးလေးသော မန်ယူနည်းပြတာဝန်ကိုယူရန် မစဉ်းစားထားခြင်းကြောင့်ဖြစ်သည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း ဆန်းဒေးတယ်လီဂရပ်၌ ဖော်ပြသည်။

မန်ယူပရိသတ်ကြီးကို ယုံကြည်မှုပေးလိုက်နိုင်ပါပြီ ရသင့်ရထိုက်တဲ့ဖလားတစ်လုံး လက်လွှတ်ခဲ့ရပါတယ်

ဖာဂူဆန်

မာတင်အိုနေးလ်

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁

ယခုနှစ် ဘောလုံးရာသီ၏ ပထမဆုံးဖလားအဖြစ် မန်ယူတို့ ကာလင်းဖလားကို ကာကွယ်နိုင်ခဲ့ပေပြီ။ လန်ဒန်မြို့ ဝင်ဘလေကွင်းကြီး၌ ဖေဖော်ဝါရီ ၂၈ရက်က ဗီလာအသင်းနှင့် မန်ယူတို့ ကာလင်းဖလားဖိုင်နယ်ပွဲ ဆင်နွှဲခဲ့ရာ မန်ယူတို့ နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲအပြီး နည်းပြနှစ်ဦး၏ ရင်ဖွင့်စကားများကို ဖော်ပြရပါလျှင်-

ကာလင်းဖလား ဖိုင်နယ်ပွဲတွင် အက်စ်တွန် ဗီလာအသင်း ကို အနိုင် ရပြီး နောက် မန်ယူကစား သမားများ ကာလင်းဖလားနှင့် ဤသို့ အောင်ပွဲခံ ပျော်မြူး ခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

မန်ယူနည်းပြ ဖာဂူဆန်

"ဒီပွဲဟာ မန်ယူအတွက် အရေးပါတဲ့ပွဲ ဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာတော့ မန်ယူက ကာလင်းဖလားကို ရယူနိုင်ခဲ့ပါပြီ။ ဒါဟာ မန်ယူအနေနဲ့ ချန်ပီယံခြေစွမ်းရှိနေတယ်ဆိုတာ မန်ယူပရိသတ်ကို ယုံကြည်မှုပေးလိုက်တာပဲ ဖြစ်ပါတယ်။ တကယ်တော့ ဗီလာကို အနိုင်ရဖို့ဆိုတာ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာ မြင်တဲ့အတိုင်းပါပဲ။ မန်ယူအသင်းဟာ ဘယ်လိုအနေအထားမျိုးမှာပဲဖြစ်ဖြစ် အနိုင်ရအောင်ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်"ဟု ဖာဂူဆန်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ထို့အပြင် ကာလင်းဖလား ဖိုင်နယ်ပွဲ၌ တိုက်စစ်မှူး ရှန်နေနှင့် ပတ်သက်ပြီး ဖာဂူဆန်က "ပထမပွဲထွက်ကစားသမားတွေထဲမှာ ရှန်နေကို မထည့်ခဲ့လို့ ပရိသတ်တွေ ကသိကအောက် ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော် သိပါတယ်။ နည်းပြဆိုတာ ကိုယ့်ရဲ့ ဘောလုံးသမားတစ်ဦးချင်းအခြေအနေကို ကောင်းကောင်းသိထားမှ ကိုင်တွယ်လို့ရမှာပါ။ ရှန်နေကို လိုအပ်တဲ့အချိန်မှ ထည့်လိုက်တာဟာ ပွဲရလဒ်ကို ပြောင်းသွားစေတာပါပဲ။ ဒီလိုနောက်ကျမှ ပါဝင်ကစားရတာကိုလည်း ရှန်နေ နားလည်သဘောပေါက်ပြီးသားပါ။ တကယ်တော့ ရှန်နေဟာ လက်ရှိအချိန်မှာ မန်ယူအတွက် အဓိကကစားသမားတစ်ဦး ဖြစ်ပါတယ်။ အဲဒီလိုပဲ အင်္ဂလန်အသင်းအတွက်လည်း အရေးပါတဲ့ တိုက်စစ်မှူးအဖြစ် ရပ်တည်နေသူပါ။ သူဟာ လက်ရှိအချိန်မှာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦး ဖြစ်တယ်ဆိုတာ ယုံမှားသံသယရှိစရာတောင် မလိုပါဘူး။ မန်ယူအတွက် ကာလင်းဖလားရအောင် စွမ်းဆောင်ပေးခဲ့သူပါပဲ"ဟုလည်း ဖွင့်ဟခဲ့သည်။

တစ်ဖန် ဗီလာအသင်းနှင့် ပတ်သက်၍လည်း ဖာဂူဆန်က "နည်းပြ မာတင်အိုနေးလ်ဟာ ထူးချွန်တဲ့ နည်းပြတစ်ဦးပါပဲ။ မန်ယူကို ဘယ်လိုကစားရမယ်ဆိုတာ သိထားသလို သေသေချာချာ ပြင်ဆင်ခဲ့တယ်ဆိုတာ သံသယဖြစ်စရာ မလိုပါဘူး။ စုစည်းမှုအပြည့်နဲ့ ကစားတာ ကောင်းပါတယ်။ ဒါပေမယ့် စိတ်ဓာတ်ပိုင်းမှာ မန်ယူက ပိုပြီးသာလို့ အနိုင်ရတာ ထင်မိပါတယ်" ဟုလည်း ပြောကြားခဲ့သည်။

ဗီလာနည်းပြမာတင်အိုနေးလ်

ထို့နောက် မန်ယူအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ကာလင်းဖလား ဆုံးရှုံးခဲ့ရသည့် ဗီလာနည်းပြ မာတင်အိုနေးလ်က "ဒီပွဲမှာ ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက် တချို့ကို နားမလည်နိုင်အောင် ဖြစ်ရပါတယ်။ ဘောလုံးပွဲတစ်ပွဲရဲ့ အရှုံးအနိုင်ရလဒ်ဟာ ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်တွေနဲ့လည်း သက်ဆိုင်နေတတ်ပါတယ်။ တကယ်ဆိုရင် ကျွန်တော်တို့ အခွင့်အရေးအချို့ ဆုံးရှုံးခဲ့ရတယ်။ ဒီလို အရေးကြီးတဲ့ ဖိုင်နယ်ပွဲတွေမှာ ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်ဟာ အမှားနည်းဖို့ လိုပါတယ်။ ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေအပေါ် အပြစ်မဖို့လိုပါဘူး။ မန်ယူကစားသွားတာလည်း ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော့်ကစားသမားတွေလည်း ကစားသွားတာ မန်ယူထက် မနိမ့်ဘူးဆိုတာ ပြောလိုပါတယ်။ ဒီနှစ်မှာ ရသင့်ရထိုက်တဲ့ ဖလားတစ်လုံးကို လက်လွှတ်ဆုံးရှုံးလိုက်ရတာကတော့ အမှန်ပါပဲ" ဟု မချိတင်ကဲ ဖွင့်ဟပြောကြားခဲ့ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ပီဒစ်အထုတ်မခံရခြင်းမှာ ကံကောင်းစေခဲ့ မန်ယူနည်းပြဖာဂူဆန် ဝန်ခံပြောကြား

လန်ဒန် မတ် ၁

အက်စ်တွန်ဗီလာနှင့်ကစားခဲ့သည့် ကာလင်းဖလား ဖိုင်နယ်ပွဲတွင် ဗီဒစ် အနီကတ်ဖြင့် အထုတ်မခံရခြင်းမှာ မန်ယူအတွက်ကံကောင်းခြင်းပင်ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ဝန်ခံပြောကြားသည်။

ကာကွယ်ကစား

ကာလင်းဖလားဖိုင်နယ်ပွဲတွင် ပွဲစပြီး ငါးမိနစ်အကြာ ဗီဒစ်က အာဘွန်လဟောအား မန်ယူဂိုးဧရိယာအတွင်း ခြေထိုးဖျက်ခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီးက မန်ယူဘက်သို့ ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို ဗီလာကစားသမား မီလ်နာသွင်းယူခဲ့သဖြင့် ဗီလာတို့ စောစီးစွာဂိုးရခဲ့သည်။ သို့သော် မန်ယူကစားသမား ဗီဒစ်သည် အနီကတ်ဖြင့် မထွက်ခဲ့ရပေ။ ယင်းမှာ မန်ယူအတွက် ကံကောင်းခြင်းပင်ဖြစ်သည်။ ထိုနေ့က ဗီဒစ်သည် မန်ယူနောက်တန်း၌ အဓိက ကာကွယ်ကစားပေးနိုင်ခဲ့သည်။

(အင်တာနက်)

ဒူဘိုင်းအိုးပင်းဖလား ဒီဂျိုကိုဗစ်ကာကွယ်

ဒူဘိုင်း မတ် ၁

ဆားဘီးယား တင်းနစ်ကစားသမား နိုဗက်ဒီဂျိုကိုဗစ်သည် ဒူဘိုင်းအိုးပင်း တင်းနစ်ဖိုင်နယ်ပွဲတွင် ရုရှားတင်းနစ်ကစားသမား မီခေးလ်ယုဇနီးအား အနိုင်ရပြီး ၎င်း၏ အေတီပီဖလားကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ကာကွယ်လိုက်သည်။

ဒီဂျိုကိုဗစ်သည် မီခေးလ်အား ဖိုင်နယ်ပွဲတွင် ၇-၅၊ ၅-၇၊ ၆-၃ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒီဂျိုကိုဗစ်သည် ယင်းအနိုင်ပွဲကြောင့် ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမားဖြစ်လာခဲ့သည်။

ဆွတ်ခူး

ဆားဘီးယားတင်းနစ်ကစားသမား ဒီဂျိုကိုဗစ်သည် တင်းနစ်ကစားသမားဘဝတစ်လျှောက် ပထမဆုံးဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

၄၃လုံးမြောက်ဖလား ဗီးနပ်စ်ဝီလျံ ဆွတ်ခူးနိုင်

အကာပူလ်ကို မတ် ၁

အမေရိကန်တင်းနစ်အားကစားမယ် ဗီးနပ်စ်ဝီလျံသည် မက္ကဆီကို အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၄၃လုံးမြောက် ဒဗလျူတီအေ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်

အသက် ၂၉နှစ်ရှိ ဗီးနပ်စ်ဝီလျံသည် အဆိုပါပြိုင်ပွဲတွင် ပိုလန်တင်းနစ်မယ် ဟာကော့အား ၂-၆၊ ၆-၂၊ ၆-၃ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် သီတင်းပတ်က ဒူဘိုင်းအိုးပင်းဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဒဗလျူတီအေ ဖလားအဖြစ် ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဗီးနပ်စ်ဝီလျံသည် အမျိုးသမီးတင်းနစ်လောကတွင် ဖလားအများဆုံး ဆွတ်ခူးထားသူလည်း ဖြစ်သည်။ **(အင်တာနက်)**

ဖီးနစ်ဂေါက်သီးပြိုင်ပွဲ မာဟန် ဆုဖလားဆွတ်ခူး

မီယာမီ မတ် ၁

အမေရိကန် ဂေါက်သီးကစားသမား မာဟန်သည် မီယာမီ၌ ယှဉ်ပြိုင်ကစားသော ဖီးနစ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်အောက် ၁၆ချက် လျှော့ရိုက်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

လျှော့ရိုက်

အသက် ၂၇နှစ်ရှိ မာဟန်သည် နောက်ဆုံးနေ့က ကျင်းအမှတ် ၁၃ နှင့် ၁၆ ကြားတွင် လျှော့ရိုက်ချက် ဘာဒီများ ရခဲ့သဖြင့် ၆၅ချက်ရိုက်ကာ ခြောက်ချက် လျှော့ရိုက်နိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၈ခုနှစ်က အမေရိကန် ရိုက်ဒါဖလားပြိုင်ပွဲဝင် တစ်ဦးဖြစ်ပြီး ၂၀၀၉ခုနှစ်အတွင်း ကမ္ဘာ့ထိပ်သီး ဂေါက်သီးကစားသမား ၁၀ဦး စာရင်းဝင်ဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး
စုစည်းရေးသားသည်

2-3 (11) .pmd 1 3/2/2010, 2:04 AM

ကျက်မှတ်လေ့လာ ဂရုပြုဖွယ်ရာ အဖြာဖြာ

သုတမှတ်စု

ယခုကာလသည် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အားသွန်ခွန်စိုက် ကြိုးစားကျက်မှတ်နေကြသည့် အချိန်ဖြစ်ပေသည်။

မိမိဘဝတိုးတက်ရိုင်မာမှုအတွက် အခြေခံအုတ်မြစ်သည် ပညာဖြစ်ပါသည်။ ပညာသည် မြတ်ရွှေအိုးကြီးပင် ဖြစ်ပါသည်။ ပညာအလင်းရောင်ကို ရှေ့ဆောင်၍ အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်သည်။ ထို့ကြောင့်လည်း သားရွှေဥဆုံးမစာ၌-

"(ပညာ)တတ်သဖြင့်ကား၊ ရဲရင့်ထွတ်ခေါင်
သားတို့ဘောင်၌ မရှောင်မကွင်း၊ ခြသေ့်မင်းသို့
ကျင်းကျင်းပပ၊ တင့်တယ်လှ" *ဟု ပညာရှိခြင်း၏ အကျိုးကျေးဇူးကို ဖော်ကျူး ပြဆိုထားသည်။*

မြန်မာစကားပုံတွင် ***ပညာရဲရင့်ပွဲလယ်တင့်*** *၊* ***ပညာရွှေအိုးလုမခိုး*** *ဟု ဆိုထားပေသည်။ ထို့ကြောင့်ဘဝ၏ ပထမ လှေကားထစ်ဖြစ်သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်နိုင်ရန်အတွက် အားသွန်ခွန်စိုက် ကြိုးစားကြရပေမည်။ နိုင်ငံတော်ကလည်း မိမိ၏ ရင်နှစ်သည်းချာ သားသမီးများ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ ဘာသာရပ်အလိုက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာသင်ခန်းစာများကို ဖော်ပြပေးခဲ့သည်မှာ ဝမ်းမြောက်ကျေနပ်ဖွယ်ပင်ဖြစ်ပေသည်။*

တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန်အတွက် သင်ခန်းစာများကို လေ့လာကျက်မှတ်ရာ၌ စာရေးသူ၏ လေ့လာကျက်မှတ်ခဲ့သည့် နည်းလမ်းကောင်းလေးကို မောင်ငယ် ညီမငယ်များကို လက်ဆင့်ကမ်းအသိပေးလိုပါသည်။ စာရေးသူ၏ ဖခင်အမွေပေးခဲ့သည့် သင်ခန်းစာများကို ကျက်မှတ်လေ့လာပုံ၊ လေ့လာနည်းမှာ-

- *ဘာသာရပ်အလိုက် ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးညွှန်းတမ်းကို ကျေညက်အောင် ဖတ်ရှုလေ့လာပါ။*
- *နေ့စဉ်သင်ကြားပေးသည့် ဘာသာရပ်အလိုက် သင်ခန်းစာများကို အကြွေးမထားဘဲ နေ့စဉ်ကျက်မှတ်ပါ။*
- *စာကို နှုတ်တိုက်ကျက်ရုံမျှမက ရေးပြီးကျက်ပါ။ အနည်းဆုံးနှစ်ကြိမ် လေ့ကျင့်ရပါမည်။ (သို့မှသာ မည်သည့်နေရာတွင် မည်သည့်စာလုံး ကျန်သွားသည်ကို သိရှိနိုင်သည်)။*
- *ကျက်မှတ်ရသည့် သင်ခန်းစာ တစ်ပုဒ်ပြီးတိုင်း အတိုချုပ်အချက်အလက်များကို စာအုပ်တစ်အုပ်ဖြင့် သီးသန့်ရေးမှတ်ထားပါ။ (ဘာသာရပ်အလိုက် ရေးမှတ်ရန်လိုပါသည်)။*
- *သင်ခန်းစာများကို ဆက်တိုက်မကျက်ဘဲ ခေတ္တနား၍ ကျက်မှတ်ပါ။ မျက်စိပသာဒ အေးမြသည့်နေရာများကို ကြည့်ရှုပေးပါ။*
- *ဘာသာရပ်အလိုက် မေးခွန်းဟောင်းများ၊ သတင်းစာများတွင် ဖော်ပြပါရှိသည့် မေးခွန်းပုံစံများ၊ဖြေဆိုပုံ၊ ဖြေဆိုနည်းများကို လေ့ကျင့်ဖြေဆိုကြည့်ပါ။ ပထမအကြိမ် နှုတ်ဖြင့်ဖြေကြည့်ပါ။ ဒုတိယအကြိမ်ရေး၍ ဖြေဆိုကြည့်ပါ။*
- *အချိန်မှန်မှန်အိပ်၍ အချိန်မှန်မှန်စားပါ။ (ကျန်းမာရေးဂရုစိုက်ပါ)။*
- *စာမေးပွဲဖြေဆိုသည့်အခါ မေးခွန်းအစအဆုံးကို ဖတ်ပြီးလျှင် မိမိဖြေဆိုနိုင်မည့် အပုဒ်ကို စတင်ဖြေဆိုပါ။ စဉ်းစားရမည့်အပုဒ်ကို ပြီးမှပြန်၍ ဖြေဆိုပါ။ မေးခွန်းပါ အပုဒ်အားလုံးဖြေဆိုပါ။ ဥပမာ-၂နာရီမေးခွန်းဖြင့် ပုဒ်ရှစ်ပုဒ်ဖြေဆိုရပါက တစ်ပုဒ်လျှင် မိနစ် ၂၀စီထား၍ ကျန်မိနစ် ၂၀ကို ဖြေဆိုပြီးသည့်အဖြေများ ပြန်လည်စစ်ဆေးရန် အရန်ထားရှိပါ။*

ဖော်ပြပါအတိုင်း စာရေးသူ လေ့လာကျက်မှတ်ခဲ့သဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအပါအဝင် ပညာရပ်ဆိုင်ရာ၊ အလုပ်အကိုင်ဆိုင်ရာ စာမေးပွဲများကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ပါသည်။

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေသည့် ယခုအချိန်အခါမျိုးတွင် လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရန် လိုအပ်ပေရာ နိုင်ငံတော်၏ စေတနာ၊ မိဘတို့၏ မေတ္တာတို့ လွှမ်းခြုံခိုလှုံ၍ မကြာမီတက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် မောင်ငယ်ညီမငယ်များ ဘဝအတွက် ပထမဦးဆုံးဖြစ်သော ခြေလှမ်းကို လှပစွာလှမ်း၍ "ဘဝလမ်း ဖြောင့်တန်းသာယာစေရန် ကြိုးပမ်းကြပါစို့" ဟု အကြံပြု ရေးသားလိုက်ရပါသည်။ ။

ခင်အေးကြူ (ရွှေသန်လျင်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား မြန်မာ-အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E. Ms.Nirupama Rao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လျှပ်တစ်ပြက်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	အင်္ဂလိပ်စာသုတ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၃)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ **သျှောင်နောက်ဆံထုံးပါ** စတား၊ ကောင်းထက်နှင့်အဖွဲ့ ဒဲဒိုး၊ စီစီနှင့်အဖွဲ့ ဒါရိုက်တာ-ဖုန်းမြင့်အောင်
	၂၁။	ဗွီစီဒီကျော်ကြားတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၂၆)

ပြည်ထောင်စုနေ့အခမ်းအနား တန့်ယန်း၌ကျင်းပ

တန့်ယန်း မတ် ၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တန့်ယန်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက မြို့မအားကစားကွင်းကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်က ဖတ်ကြားပေးသည်။ ယင်းနောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူ အသီးသီးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ယခုအပတ်ထုတ်မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ပြီ

ရန်ကုန် မတ် ၁

ဘားကုတ်စနစ်ကျင့်သုံးတော့မည့် နိုင်ငံကူးလက်မှတ်များ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၁၈)ကို ဖြန့်ချိလိုက်သည်။

NHK, CCTV နိုင်ငံတကာရုပ်သံလိုင်းများကဲ့သို့ MRTV-3 နိုင်ငံတကာရုပ်သံလိုင်း ထုတ်လွှင့်မည်၊ မီးသွေးအိတ်များနှင့် ဆီပီပါများတင်ဆောင်သော ရေယာဉ်တစ်စီး ရန်ကုန်မြစ်ပင်လယ်ဝအနီး ရေပြင်၌ မီးလောင်၍ နစ်မြုပ်မှုဖြစ်ပွား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းတွင် သွင်းကုန်စည်းကြပ်ခွန် ဈေးနှုန်းပြောင်းလဲသတ်မှတ်၊ FEC အသုံးပြုမှုလျော့နည်းလာ၍ FEC ဈေးနှုန်းပြန်လည်ကျဆင်း၊ ကုန်စည်ဒိုင်များအနေဖြင့် ပဲဈေးကွက်တည်ငြိမ်အောင် လုပ်ဆောင်သွားရန်နှင့် အချင်းချင်း ညှိနှိုင်းဆောင်ရွက်သင့်၊ ဇဟန်း(၃)လမ်းမှတ်တိုင်တွင် ကားမီးလောင်မှုဖြစ်ပွား၊ ရနောင်းမြို့အဝင် စစ်ဆေးရေးဂိတ်တစ်ခု၌ ပစ်ခတ်မှုတစ်ခုဖြစ်ပွား၊ ပြင်သစ်သံရုံးအတွင်းသို့ ဝင်ရောက်သွားခဲ့သူ ကင်မရွန်းနိုင်ငံသားဘောလုံးသမားကို သံရုံးမှ သက်ဆိုင်ရာသို့အပ်နှံ၊ တောင်ကိုရီးယားနိုင်ငံ ဟွန်ဒေးကော်ပိုရေးရှင်းနှင့် ဒေဝူးကုမ္ပဏီတို့ ဒေါ်လာသန်းပေါင်း ၁၄၀၀ တန်ဖိုးရှိ သဘောတူစာချုပ်ချုပ်ဆို၊ နှလုံးရောဂါဝေဒနာခံစားနေရသော သံဃာတော်ကိုရင်လေးအတွက် ရန်ကုန်အထူးကုဆေးရုံမှ ဆရာဝန်ကြီးများနှင့် ဩစတြေးလျ ဆရာဝန်များ အကောင်းဆုံးကုသပေး၊ စင်ကာပူနိုင်ငံတွင် ပြည်ပအလုပ်သမားများအတွက် ကုမ္ပဏီများက ပေးရသည့်အခွန်ကို သုံးနှစ်အတွင်း အဆင့်လိုက်တိုးမြှင့်ကောက်ခံမည်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက စက်သုံးဆီတင်သွင်းရောင်းချမည်ဆိုသော်လည်း ပြည်တွင်းရေကြောင်းဌာနပိုင် ရေယာဉ်များသည် အစိုးရစက်သုံးဆီကိုသာသုံးစွဲသွားမည်၊ ရန်ကုန်မြစ်အတွင်းရှိ အတွင်းစည်းခံနှင့် အပြင်စည်းခံ သောင်တူးခြင်းလုပ်ငန်း ပုဂ္ဂလိကသို့လွှဲအပ်၊ ဆေးသုတ်လုပ်သား နှစ်ဦး(၁၂)လွှာပေါ်မှပြုတ်ကျ၍ သေဆုံးမှုဖြစ်ပွား၊ မကွေးတိုင်းအတွင်း ရေနံမော်သစ်တစ်ခု မကြာမီပေါ်ပေါက်မည်၊ WHO က (H1N1)ကာကွယ်ဆေးလုံလောက်စွာရရှိရန် ကူညီပြီး မြန်မာပြည်သူလေးသန်းကျော်ကို ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးမည်၊ ၂၀၁၀ ခုနှစ် မေလမတိုင်ခင် အီရန်နှင့် အစ္စရေးစစ် ဖြစ်တော့မည်ဟု ဖိလစ်ပိုင် ပုရောဟိတ်ဟောပြီ၊ စစ်မျက်နှာနှစ်ခုစစ်ပွဲအတွက် အစ္စရေး ကာကွယ်ရေးတပ်များလေ့ကျင့် စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်များ အဆင့်မြင့် မြားပစ်သင်တန်းနှင့် မြားပစ်ဒိုင်၊ နည်းပြသင်တန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁

အားကစားနှင့် ပညာရေးပေါင်းစပ်မှု အစီအစဉ်အရ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် တက္ကသိုလ်အဆင့်မြင့် မြားပစ်သင်တန်းနှင့် မြားပစ်ဒိုင်၊ နည်းပြသင်တန်း သင်တန်းဆင်းလက်ရည်စစ် မြားပစ်ပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲ အခမ်း

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အနားကို ယနေ့ညနေပိုင်းက ကျိုက္ကဆံအမှတ် (၅)ဂိတ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ရှေးဦးစွာ သင်တန်းဆင်း လက်ရည်စစ်မြားပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ရာ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာပြေသိန်း(ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီ)က အမျိုးသား Compound ပြိုင်ပွဲဆုရရှိသူများကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး(ပညာ) ဦးဝင်းကိုက အမျိုးသား Recurve ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက အမျိုးသမီး Compound ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က အမျိုးသမီး Recurve ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ရွေးချယ်လေ့ကျင့်

ထို့နောက် သင်တန်းဆင်းပွဲကို ဆက်လက်ကျင်းပရာ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်လွင်စိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ယခုသင်တန်းများအား ရွေးချယ်လေ့ကျင့်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်လွင်စိုးက မြားပစ်သင်တန်းသားသင်တန်းသူများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(ပညာ) ဦးဝင်းကို(အမှုဆောင်၊ မြားပစ်အဖွဲ့ချုပ်)က မြားပစ်ဒိုင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းကြိုင်က မြားပစ် နည်းပြများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

လေ့ကျင့်ပေးသွား

ယခုဖွင့်လှစ်ခဲ့သော တက္ကသိုလ်များ အဆင့်မြင့် မြားပစ်သင်တန်းကို အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၆ ဦး၊ မြားပစ်နည်းပြသင်တန်းကို ရှစ်ဦး၊ မြားပစ်ဒိုင် သင်တန်းကို ခုနစ်ဦး တက်ရောက်ခဲ့ကြသည်။ ယခုသင်တန်းမှ အလားအလာရှိသော Recurve အမျိုးသား၁၀ဦး၊ အမျိုးသမီးလေးဦး၊ Compound အမျိုးသား သုံးဦး၊ အမျိုးသမီးငါးဦးနှင့် နည်းပြ/ဒိုင် လေးဦးတို့အား ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သွေးသစ်မြားပစ်ကစားသမားများအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တွင် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ် ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

နိုင်ငံခြားဈေးကွက်ဝင် ပီလားငါး တိုးချဲ့မွေးမြူရေး ညောင်တုန်းငါးမွေးမြူရေးကန်များသို့ ကွင်းဆင်းစည်းရုံး

ညောင်တုန်း ဖေဖော်ဝါရီ ၂၅

ပြည်ပဈေးကွက်ဝင် ပီလားငါး (အရပ်ခေါ် ဂျပန်ငါး) ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့မွေးမြူရေးအတွက် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်သည် သဇင်ရေကျော်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလှစိန်၊ အမ်ဘီဂျီကုမ္ပဏီ စီမံကိန်း ဒါရိုက်တာ ဦးအိုင်ဇေယျာလင်းတို့နှင့်အတူ ညောင်တုန်းမြို့နယ်အတွင်းရှိ ရေကျော်၊ ပန်းဆိပ်နှင့် ပတုပ်ကျေးရွာများရှိ ငါးမွေးမြူရေးကန်များသို့ ကွင်းဆင်းစည်းရုံး ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့်အဖွဲ့သည် မွေးမြူရေးကန်များနှင့် အင်းချောင်းများမှ ဒေသခံမွေးမြူငါးကုန်ထုတ်သူများနှင့်တွေ့ဆုံပြီး မွေးမြူရေးကန်များတွင် ငါးခေါင်းပွ၊ ငါးမြစ်ချင်းငါးများနှင့်အတူ ပီလား(ခ) ဂျပန်ငါးများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့မွေးမြူရေးများကို စည်းရုံးဆွေးနွေးကြရာ ဒေသခံမွေးမြူရေးသမားများကလည်း ၎င်းတို့၏ ရေမြေသဘာဝ မွေးမြူနည်းစနစ်များနှင့် ကိုက်ညီသဖြင့် ပီလားငါးများ ကြီးထွားဖြစ်ထွန်းမှုကို စိတ်ဝင်စားလျက်ရှိကြသည်။

ညောင်တုန်းမြို့နယ်ရှိ မွေးမြူရေးကန်ဧက ၁၀၀၀ကျော်တွင် အခြားမွေးမြူရေးငါးများနှင့် ပီလားငါးကို ရောနှောမွေးမြူထားရာ သဘာဝအစာများနှင့်ပင် ကြီးထွားနှုန်းကောင်းနေသဖြင့် စီးပွားရေးအရ တွက်ခြေကိုက်လျက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

ပီလားငါး လက်ဝါးခန့် ခုနစ်ကောင်၊ ရှစ်ကောင်လျှင် တစ်ပိဿာခန့်ရှိပြီး နိုင်ငံခြားဈေးကွက်ဝင်ဖြစ်ကာ ပီလားငါး ၁၀ပိဿာကို ဆားလေးပိဿာနှုန်းဖြင့် နှစ်ရက်၊ သုံးရက်ခန့် ရေစိမ်ဆယ်ယူကာ တစ်ရက်နေလှန်းပြီးပါက ဘုရင့်နောင်ဈေးကွက်သို့ တင်ပို့နိုင်ပြီး ထိုမှတစ်ဆင့် ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချနိုင်သဖြင့် စဉ်ဆက်မပြတ် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၅၂)**

မြို့နယ်သတင်းထွေတလာ

ဘားအံမြို့ အမှတ်(၅) ရပ်ကွက်၌ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ ဖေဖော်ဝါရီ ၂၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စည်ပင်နှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ရော်ဘာခြံ(၃)လမ်းနှင့် ရှုခင်းသာ(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါလမ်း၌ ကျင်းပရာ လမ်းဖွင့်ပွဲသို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက် အားပေးကြပြီး ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည် ပေ ၂၀၅၀၊ အကျယ် ၁၂ပေဖြစ်ပြီး စည်ပင်ထည့်ဝင်ငွေကျပ် ၇၉ ဒသမ၀၉သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃၂ ဒသမ၅သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ကျော်ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ **(ခရိုင်စည်ပင်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးဝေလျက်ရှိသော နတ်ရေကန်ရေထွက်မှ မြို့တွင်းသို့ ရေပိုက်လိုင်းများ သွယ်တန်းထားရှိမှု၊ ရေထွက် ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ဖေဖော်ဝါရီ ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့ ကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးခွန်မြင့်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ပုဏ္ဏားကျွန်း ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၂၅

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် အတွင်းရှိ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှဘော်သူ ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ရက်က ပန်းနီလာကျေးရွာနှင့် ယိုးတရုတ် ကျေးရွာများသို့ ကွင်းဆင်းဆွေးနွေးသည်။

စာဖတ်အလေ့အထ

အခမ်းအနားတွင် ပန်းနီလာကျေးရွာဥက္ကဋ္ဌ ဦးဘသာဃေက ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ယိုးတရုတ်ကျေးရွာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌဦးလှရွှေက စာကြည့်တိုက်ရန်ပုံငွေ ကိစ္စရပ်များနှင့် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူနှင့် ဓာတ်ပုံ(၂) ဦးနီထွန်းအောင်၊ စာရေး ဦးအေးသိန်းကျော်တို့က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်များ တိုးပွားရေးနှင့် ကျေးရွာနေ ပြည်သူများ စာဖတ်ရန်နှင့် စာဖတ်သည့် အလေ့အထ ဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ အစဉ်ကောင်းမွန်စေရေးအတွက် ပြုပြင်ဆောင်ရွက်လျက်ရှိရာ အမှုထမ်းရပ်ကွက် သမဝါယမကောလိပ်အဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရေနံချောင်း၌ စက်ရေတွင်း ပြင်ဆင်ဆောင်ရွက်

ရေနံချောင်း ဖေဖော်ဝါရီ ၂၇

ရေနံချောင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လယ်ကျင်းရိုးကျေးရွာ မိုနိုပန့်စက်ရေတွင်း အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးလှထွေး ကြပ်မတ်ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၅ရက်က အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

နွားထိုးကြီး၌ ဟောပြောပွဲကျင်းပ

နွားထိုးကြီး ဖေဖော်ဝါရီ ၂၁

***နွားထိုးကြီးမြို့နယ် လက်ဝဲ+မြင်းနီ** အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၀ရက်က (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာမာက အမှာစကားပြောကြားပြီး အလယ်တန်းပြဆရာ ဦးမောင်ကြိုင်နှင့် အလယ်တန်းပြဆရာမဒေါ်ငြိမ်းငြိမ်းအေးတို့က ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ ဟောပြောကြသည်။ (ပညာရေး)*

အဖျက်မီးရန် စဉ်တွန်းလှန် မြန်ပြည်အေးချမ်းမည်

တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်အစမ်းလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၀ရက်က မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးမြသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ စုပေါင်းသရုပ်ပြလေ့ကျင့်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၇၉) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၁

မြန်မာ့မီးရထား (လုံခြုံရေး -၃၊ ငြိမ်း) လူမှုထူးချွန်(ပထမဆင့်) ဦးကျော်စိန် (လုံခြုံရေးဌာနစိတ်)ထောက်ပံ့ဌာန **(အပေါ်ပုံ)**သည် ဇန်နဝါရီ ၁၈ရက်က ဗဟိုအမျိုးသားသွေးလှူဌာနတွင် (၇၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သုံးတောင်ကျေးရွာ စက်ရေတွင်း တူးဖော်နေမှု အခြေအနေကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင် ရွက် ပေးစဉ်။

(မြို့နယ်စည်ပင်)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည/၈၊ ဦးပိုင်အမှတ် (၄၁)၊ ၆၁လမ်း×၆၂လမ်း၊ ဗထူးလမ်း×အောင်ဆန်းလမ်း တပ်သားကိုကိုလတ်အမည်ပေါက်မြေကွက်အား ဦးတင်မိုး ၁/မကတ(နိုင်)၀၅၈၃၁၉က အမှုတွဲအမှတ် ၁၈၉၀/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၃၊ ဦးပိုင်အမှတ် (၇၅)၊ ၇၂လမ်း၊ ၃၃ လမ်း×၃၄ လမ်း ဦးပျိုခင် အမည်ပေါက် မြေကွက်အား ဦးအောင်ခိုင် ၉/မရမ(နိုင်)၀၂၃၆၅၃က အမှုတွဲအမှတ် ၀၅၂၇/ဘ(ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

[illegible]

[illegible]

[illegible]

သနပ်ပင်၌ အရန်သားဖွားဆရာမ သင်တန်းဖွင့်

သနပ်ပင် ဖေဖော်ဝါရီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန သနပ်ပင်မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်း ၁/ ၂၀၁၀ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပို့ချ

အခမ်းအနားတွင် သနပ်ပင်မြို့နယ် ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းနှင့် ပတ်သက်သောအချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိမိခင်နှင့် အဖွဲ့ဝင်များက သင်ထောက်ကူစာအုပ်များ ပေးအပ်လှူဒါန်းသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ၁၀ဦး တက်ရောက်ကြပြီး သင်တန်းကာလခြောက်လတွင် စာတွေ့လက်တွေ့ ဆွေးနွေးပို့ချမည်ဖြစ်သည်။ **(၀၅၀)**

ရေဦး အောင်သာကျေးရွာ စာကြည့်တိုက်ဆောက်လုပ်မှု မြို့နယ်ဥက္ကဋ္ဌ စစ်ဆေး

ရေဦး ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အောင်သာကျေးရွာ၌ တိုင်းမှူးမှ ထောက်ပံ့ငွေ၊ ကျေးရွာပြည်သူများနှင့် အလှူရှင်များ ထည့်ဝင်ငွေဖြင့် စာကြည့်တိုက် ဆောက်လုပ်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်စန်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါ စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက်ဆောက်လုပ်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ဆောက်လုပ်ရာတွင် စံချိန်စံညွှန်းမီရေး၊ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားပြီး မြို့နယ်ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူးက သတ်မှတ်စံ(၅)ချက်နှင့်ပြည့်စုံသည့်စာကြည့်တိုက်ဖြစ်လာရေးအတွက် စာဌားကတ် စနစ်ကျင့်သုံးရေး ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့ ပျားကျေးရွာ ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၇

ဂန့်ဂေါမြို့နယ် ပျားကျေးရွာ ကျေးရွာဆိုင်းဘုတ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက်က အဆိုပါဆိုင်းဘုတ်ရှေ့မျက်နှာစာ၌ ကျင်းပရာ ကျေးရွာဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဇော်ထွန်းနှင့် ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် မြို့နယ်အတွင်းရေးမှူးနှင့်အဖွဲ့သည် ကျေးရွာဥက္ကဋ္ဌ ဦးနိုင်နိုင်နှင့်အတူ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားကြောင်း သိရသည်။ (၀၇၁)

ပြည်၌ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ပြည် ဖေဖော်ဝါရီ ၂၅

ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းက (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်း စံ(၅)ချက်နှင့်အညီ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်ပေါ်စေရေးအတွက် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ သုတရသစာအုပ်စာစောင်မျိုးစုံ အုပ်၆၀၀ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၂နာရီက အဆိုပါပြတိုက်ခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒေါက်တာကျော်မင်းတို့က ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့ထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက်တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

(တိုင်း ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၈ရက်က ကျိုက်လတ်မြို့ အမှတ်(၃+၄) ရပ်ကွက် ၈-ဖြတ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးထွန်းလင်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးလှိုင်မြင့်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ရက်က အာသောကရပ်ကွက်အတွင်းရှိ အုတ်လုပ်ငန်းများမှ အလုပ်သမားများအား စခန်းမှူးရဲအုပ်သောင်းတင်က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအန္တရာယ်တို့ကို ရှင်းလင်းဟောပြောစဉ်။ (၀၃၅)

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့အုပ်စု တောင်နီကျေးရွာ ညောင်ရမ်းပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ၁၆ရက် နံနက် ၁၁နာရီက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ပညာပေးဟောပြောပွဲကျင်းပရာ တောင်ကြီးလူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ တာဝန်ခံ ဒုတိယရဲမှူးကိုဝင်းက လူကုန်ကူး၊ လူမှောင်ခိုခြင်းနှင့်ပတ်သက်၍ ပညာပေးဟောပြောသည်။

ပညာပေးဟောပြော

ဟောပြောပွဲတွင် လူကုန်ကူးအထူးအဖွဲ့(တောင်ကြီး) တာဝန်ခံ၊ မူးယစ်(အထူး) ကြီးကြပ်သူ (တောင်ကြီး)၊ ယာဉ်ထိန်း (တောင်ကြီး)တာဝန်ခံ၊ မှုခင်းတပ်ဆွယ် (တောင်ကြီး) တို့ အဖွဲ့လေးဖွဲ့ ပူးပေါင်း၍ ပညာပေးဟောပြောကြသည်။ ***(ပြည်နယ် ပြန်/ဆက်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E. Ms. Nirupama Rao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄နာရီက နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E. Ms. Nirupama Rao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အင်တာနက်ကျန်းမာရေး

ပျော်ရွှင်ကျန်းမာ နှလုံးရောဂါ သက်သာ

ပျော်ရွှင်စွာ နေထိုင်ခြင်းသည် နှလုံးရောဂါ ဝေဒနာ ခံစားနေရသူများအဖို့ သက်သာရာရစေနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက သုတေသနပြု တင်ပြထားသည်။

သေဆုံးမှုနည်းပါး

အမေရိကန်သုတေသနပညာရှင်များသည် နှလုံးရောဂါ ဝေဒနာ ခံစားနေရသူ ၁၇၀၀၀ အား ၁၀နှစ်ကြာ သုတေသနပြုခဲ့ရာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြသော ရောဂါဝေဒနာရှင်များမှာ နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးမှု နည်းပါးသည်ဟု ဆိုသည်။ ။